© 2014 Peter Ackerman and Hardy Merriman

# အာဏာရှင်စနစ် အဆုံးသတ်စေရေးအတွက် လုပ်ဆောင်ရမည့်အချက်များ
# The Checklist for Ending Tyranny

**ပီတာ အက်ကာမင် (Peter Ackerman) နှင့် ဟာဒီ မာရီယံ (Hardy Merriman)**

ယနေ့ကာလတွင် လူအသေအပျောက်အများဆုံး ပဋိပက္ခများမှာ နိုင်ငံအချင်းချင်းအကြား ဖြစ်ပွားနေသည့် စစ်ပွဲများ မဟုတ်ပါ။ နိုင်ငံတခုအတွင်း ဖြစ်ပွားနေကြခြင်းသာ ဖြစ်သည်။ ဖိနှိပ်အုပ်ချုပ်သူ အာဏာရှင်များနှင့် ယင်းတို့ဖိနှိပ်ထားသည့် ပြည်သူလူထုများအကြား ဖက်ပြိုင် ဖြစ်ပွားနေခြင်းသာ ဖြစ်ပါသည်။ အကျယ်အပြန့် လက်ခံယုံကြည်ထားကြသည်မှာ ဤသို့ဖိနှိပ်ခံနေကြရသည့် ပြည်သူ လူထုများအတွက် ရွေးချယ်စရာ နှစ်လမ်း ရှိပါသည်။ ပို၍ညင်သာသည့် တစုံတရာ ဖွံ့ဖြိုးဖြစ်ပေါ်လာနိုး မျှော်လင့်၍ ဖိနှိပ်သူ အာဏာရှင်ကို လိုက်လျောသဘောတူရခြင်း နှင့် သို့မဟုတ် လွတ်လပ်ခွင့်များ အတွက် အကြမ်းဖက်ပုန်ကန်ထကြွမှု ဆင်နွှဲခြင်းတို့ပင် ဖြစ်သည်။ ဤသို့ အကန့်အသတ်ရှိသော အမြင်ကို အရပ်ဘက် အာဏာဖီဆန်ရေးခုခံမှု လှုပ်ရှားမှုများ၏ (ရံဖန်ရံခါ “ပြည်သူ့အာဏာ” လှုပ်ရှားမှု သို့မဟုတ် အကြမ်းမဖက် တိုက်ပွဲများအဖြစ် ခေါ်ဆိုလေ့ရှိကြပါသည်။) အချက်အလက်များက ချေပ ငြင်းပယ်ခဲ့ကြပါသည်။ ဤသို့သော လှုပ်ရှားမှုများက ယေဘုယျနားလည် သဘောပေါက်ထားကြ သည်ထက် စာလျှင် မကြာခဏဆိုသလို ဖြစ်ပွားခဲ့ကြပါသည်။ ၁၉၀၀ ခုနှစ်မှ အစပြု၍ တနှစ်လျှင် တည်ရှိနေသည့် အုပ်ချုပ်သူများကို ဆန့်ကျင်အံတုကြသည့် အရပ်ဘက်ပြည်သူ့ ခုခံရေး အဓိက ကျသည့် လှုပ်ရှားမှု တခု ဖြစ်ပွားခဲ့ပါသည်။[1] ဤနိုင်ငံသားလူထုများက လှုပ်ရှားမှုများကို ဦးဆောင် ကြပြီး၊ ပထဝီနိုင်ငံရေးအရ အထူးအရေးပါလှသည့် ပဋိပက္ခများ၏ ရလဒ်များ၊ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးများကို ၁၉၇၂ ခုမှ စတင်၍ တိုး၍ ဖော်ဆောင်နိုင်ခဲ့ကြပါသည်။[2] သို့တိုင်အောင် မူဝါဒ ချမှတ်သူများ၊ ပညာရှင်များ၊ သတင်းထောက်များနှင့် အခြားသော စိတ်ပါဝင်စားကြ လေ့လာကြသူများ က ဖိနှိပ်သူအာဏာရှင်များအပေါ် သာမန်ပြည်သူများ၏ ထိုးနှက်နိုင်ခြေစွမ်းရည်၊ အကြမ်းဖက်မှု မပါဘဲ သူတို့၏အခွင့်အရေးများ ရယူနိုင်ခဲ့ကြပုံကို အမြဲတစေ အထင်အမြင်သေး လျှော့တွက်ခဲ့ကြပါ သည်။

## သုံးသပ်စိစစ်မှုတွင် မမြင်သာ ကွယ်ဝှက်နေသည့်အပိုင်း

၂၀၁၁ ခုနှစ် တူနီးရှား နှင့် အီဂျစ်နိုင်ငံများရှိ လူထုအုံကြွမှုများ နှင့် များမကြာသေးမီက ၂၀၁၄ ခုနှစ် ယူကရိန်းရှိ လှုပ်ရှားမှုများက အခြေခံလူထု ပြည်သူများ၏အာဏာ စွမ်းအားဖြင့် လူထုခုခံရေး လှုပ်ရှားမှုများမှ အံ့သြဖွယ်ရလဒ်များ ပေါ်ထွက်စေခဲ့ကြောင်း၊ အသွင်ကူးပြောင်းတိုးတက်မှုဆိုင်ရာ အလားအလာများအတွက် အကောင်းဆုံး သာဓကေများပင် ဖြစ်ပါသည်။ မည်သူတဦးကမျှ ဤသို့ လူထု အုံကြွမှုများ ဖြစ်ပေါ်လာမည်ကို ကြိုမမြင်ထားကြပါ။ သို့သော် အတုမရှိ တမူထူးခြားစွာ ဖြစ်ပေါ်ခဲ့ကြ

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

သည်။ ဆာဗီးယား (၂၀၀၀)၊ ဂျော်ဂျီယာ (၂၀၀၃) နှင့် ယူကရိန်း (၂၀၀၄) တို့တွင် "အရောင် တော်လှန်ရေးများ" (Color Revolutions) ဖြစ်ပေါ်လာသည်ကို ကြိုသိမြင်ခဲ့သူ ရှိပါက လူနည်းစုသာ ဖြစ်ပါလိမ့်မည်။ ယင်းမတိုင်မီ ဆယ်စုနှစ်များက ယင်းသို့ စုဖွဲ့လှုပ်ရှားကြသည့် အကြမ်းမဖက် ခုခံရေး လှုပ်ရှားမှုများကြောင့် ဖိလစ်ပိုင် အာဏာရှင် ဖာဒီနန် မားကို့စ် (၁၉၈၆)၊ ချီလီ အာဏာရှင် ပြဂက်စ် တို ပီနိုရှေး (၁၉၈၈)၊ ပိုလန်ရှိ ဆိုဗီယက် အစိုးရ (၁၉၈၉)၊ သို့မဟုတ် တောင်အာဖရိကနိုင်ငံရှိ အသားအရောင်ခွဲခြားမှုစနစ် (၁၉၉၂) တို့ ချုပ်ငြိမ်းသွားရာတွင် အဓိကကျသည့် အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍက ပါဝင်ခဲ့ကြသည်ကို မည်သူမျှ မျှော်လင့်ထားခဲ့ကြမည် မဟုတ်ပါချေ။

နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကျွမ်းကျင်သူများက ဤအရေးများနှင့် အခြားသော အကြမ်းမဖက် တိုက်ပွဲများကို ရှင်းပြနိုင်ရန် ကြိုးပမ်းကြသည့်အခါ၊ များသောအားဖြင့် ထိုသူများက နိဂုံးချုပ်လေ့ ရှိသည်မှာ ပြည်သူလူထု၏ ခုခံမှုများ အောင်မြင်ကြသည့် ဖြစ်ရပ်များသည် နိုင်ငံတခု၏ ထူးခြားသည့် အခြေအနေတခု၊ အချိန်ကာလတခုတွင် ဖြစ်ရသည့် သမိုင်း၏ ပုံမှန်မဟုတ်သောဖြစ်ရပ်များဟု ဆိုကြပါသည်။ ဤသို့ ဖြစ်ပေါ်တိုးတက်မှုများကို ဖြစ်ရပ် တခုချင်းအတွက် ကြည့်ကြသည့်အလျောက်၊ ယင်းတို့ကို ပြည်သူလူထုများက ဖိနှိပ်သူအမျိုးမျိုးတို့အပေါ် လွှမ်းမိုးဆောင်ရွက်ကြသည့် အာဏာ၏ စွမ်းအား၊ အဂ္ဂမဟာဗျူဟာတခု၏ သက်သေအထောက်အထားများအဖြစ် မမှတ်ယူကြပါ။ မည်သို့ဆိုစေ၊ ကမ္ဘာတစ်ဝန်းရှိ မင်းဆိုးမင်းညစ်များက ဤအချက်ကို မျက်ကွယ်မထားနိုင်ကြပါ။ ပြည်သူ့အာဏာ လှုပ်ရှားမှုများသည် သူတို့ဆက်လက်အုပ်ချုပ်နိုင်ရေးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်သည်ကို သိရှိ အသိအမှတ်ပြုထားကြပါသည်။

ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း အကြမ်းမဖက် တိုက်ပွဲဖြစ်ရပ်များ တိုးတက်အရှိန်မြင့်လာခဲ့ရာ ယင်းသည် ဒီမိုကရေစီ အပြောင်းအလဲ ထောက်ခံသူများအတွက် အထူးအရေးပါပြီး၊ ပြည်သူ့အာဏာ လှုပ်ရှားမှုများ အောင်မြင်ရေးအတွက် သူတို့နားလည်ထားကြသည်များကို ပြန်၍ အသစ်ဖြည့်ဆည်းရန် လိုအပ်လာပါသည်။ အကြမ်းမဖက်တိုက်ပွဲများသည် မတူခြားနားသော ဖြစ်ရပ်များတွင် အလုပ်ဖြစ်အောင်ပွဲရကြပြီး၊ အကြောင်းမှာ ယင်းတို့က အခြေခံကျသည့် လက်တွေ့ တရားနှစ်ခုအပေါ် အသုံးချကြသောကြောင့် ဖြစ်ပါသည်။ အာဏာရှင်အစိုးရများသည် သူတို့ဖိနှိပ်ထားသည့် လူထုများအတွင်း ဆက်လက်ထိန်းချုပ်ထားနိုင်ရန် အကျယ်အပြန့်သော နာခံမှုအပေါ် မှီခိုနေကြရသည်။ ဤသို့သော အစိုးရများတွင် လူတိုင်းက တန်းတူညီမျှ သစ္စာရှိနေကြခြင်း မဟုတ်ပါ။

## ပြည်သူတို့၏ ခုခံရေးလှုပ်ရှားမှုများ မည်သို့ အလုပ်ဖြစ်ပါသနည်း။

လက်တွေ့တရားနှစ်ခုအပေါ် အခြေခံ၍ လူထုခုခံသူများက ပြည်သူလူထုကို သူတို့၏နာခံနေမှုများ စနစ်တကျ ပြန်၍ ရုပ်သိမ်းကြရန် လှုံ့ဆော်စည်းရုံးမှု ပြုသည်။ သပိတ်မှောက်ခြင်း၊ ဆန္ဒပြခြင်း၊ လူစု

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman
လူဝေးဖြင့် ဆန္ဒထုတ်ဖော်မှုများနှင့် အခြားသောလှုပ်ရှားမှုများမှတဆင့် အကြမ်းမဖက်သည့် ဖိအားပေးမှု ပြုကြပါသည်။ ဖိနှိပ်ထားသည့်စနစ်ကို ဟန့်တား ပျက်ယွင်းစေ၍ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များ၊ တရားမျှတမှုများ ပြန်၍ ရရှိအောင် ဆောင်ရွက်ကြသည်။ လူထု ခုခံရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်မှု ထွေပြား၍ အင်အားကောင်းလာသည့်အခါ ခုခံသူများကို ဖိနှိပ် လုပ်ဆောင်မှုများသည် များသောအားဖြင့် တည်ငြိမ်မှု ပြန်ထိန်းသိမ်းနိုင်ရန်၊ မလုံလောက်နိုင်တော့ဘဲ ယင်းအစား ဆန့်ကျင်ဖက် ဆိုးကျိုးများသာ ပို၍ ဖြစ်ပေါ်စေသည်။

ဟန့်တားနှောင့်ယှက်မှုများ ဆက်၍ဖြစ်နေသောအခါ၊ အစိုးရအတွင်းနှင့် အစိုးရအတွက် မရှိမဖြစ်အရေးပါသည့် အခြား အင်စတိကျူရှင်းများ (ဥပမာ-ရဲ၊ စစ်တပ်၊ သတင်းမီဒီယာနှင့် နိုင်ငံရေး၊ ဗျူရိုကရေစီ၊ စီးပွားရေး အဖွဲ့အစည်းများ) တို့အတွင်း အက်ကြောင်းများ ဖြစ်ပေါ်လာစေသည်။ ဤ အက်ကြောင်းများကြောင့် ဖက်ပြောင်းမှုများ ဖြစ်ပေါ်စေသည်။ ဖက်ပြောင်းထောက်ခံမှုများ ထုထည်နှင့်ဖြစ်လာသည့်အခါ သူတို့အုပ်ချုပ်ရေးအတွက် အာဏာရှင်များက မှီခိုအားထားကြရသည့် ပင်မစွမ်းဆောင်ရည်များ၊ ဥပမာအားဖြင့် အရင်းအမြစ်များ ထိန်းချုပ်နိုင်မှု၊ လူသားအရင်းအမြစ်များ၊ လူတို့၏ ကျွမ်းကျင်မှုများနှင့် ဗဟုသုတများ၊ သတင်းဝန်းကျင်၊ အပြစ်ပေး အရေးယူနိုင်သည့် စွမ်းရည်.. စသည်တို့ ပြိုကွဲပျက်စီးရပါသည်။ ပေးလာသည့် အမိန့်များကို အကောင်အထည်ဖော်ရန် ခိုင်မာသည့် အမိန့်ပေးစနစ်ကို ဆက်၍မထိန်းနိုင် သည့်အခါ မင်းဆိုးမင်းညစ်များအဖို့ အခြားရွေးချယ်ရန် လမ်းမရှိတော့ပါ။ ရေရှည်ခိုင်မြဲသည့် အကြမ်းမဖက် ဖိအားပေးမှုများကြောင့် သူတို့၏ အာဏာကို စွန့်လွှတ်ရသည်အထိ အတင်းအကျပ် တွန်းထုတ်နိုင်သည့် အခြေအနေဖြစ်ပေါ်လာစေသည်။ များသောအားဖြင့် အကျယ်အပြန့်သော အပြောင်းအလဲများ ဆက်၍ဖြစ်ပေါ်လာသည်။

## ကျွမ်းကျင်မှုများ နှင့် အခြေအနေများ

လူထုခုခံမှု ဖြစ်ရပ်များ တိုးတက်များပြားလာသည့်အလျောက်၊ သက်ရောက်မှုများ မြင့်မားလာသည့်အလျောက် ရလဒ်များထွက်ပေါ်စေသည့် အကြောင်းအချက်များကို စစ်ဆေးကြည့်ရှုရန် အရေးကြီးလာပါသည်။ ပဋိပက္ခ မစတင်မီ တည်ရှိနေသည့် အခြေအနေများက လှုပ်ရှားမှုက နိုင်မည်လော၊ သို့မဟုတ် အာဏာရှင်တို့က နိုင်မည်လော ဟူသည်ကို ဆုံးဖြတ်ပါသလား။ သို့မဟုတ် မည်သည့်ဖက်က ဖြစ်စေ အောင်ပွဲရမည်ကို တိုက်ပွဲကို ဆင်နွှဲကြရာတွင် မဟာဗျူဟာမြောက် ရွေးချယ်အသုံးချမှုများနှင့် ကျွမ်းကျင်ပါးနပ်မှုများက အဆုံးအဖြတ်ပေးပါသလော.. ဟူ၍ မေးစရာ ရှိလာပါသည်။

အပြည်ပြည်ဆိုင်ရာ အကြမ်းမဖက် ပဋိပက္ခများဆိုင်ရာ စင်တာ (ICNC) ၏ ဦးတည်ချက်တွင် အရေးပါသည့် ရှုထောင့်အမြင်မှာ (ယင်းတွင် မိမိတို့က တစိတ်တပိုင်း ပါဝင်သည်) လှုပ်ရှားမှု၏ အနာဂတ်အလားအလာ၊ သို့မဟုတ် ရလဒ်များ ကို အဆုံးအဖြတ်ပေးရာ၌ အခြေအနေထက်စာလျှင် ကျွမ်းကျင်မှု

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

က ပို၍အရေးပါသည်ဟု မြင်သည်။ ဤအချက်အပေါ် ယေဘုယျအားဖြင့် သိသာစွာ ပြန်၍ မေးခွန်း ထုတ် စောကြောခံရပါသည်၊ အထူးသဖြင့် ဆန့်ကျင်ဖက်အင်အားစုက အကြမ်းဖက်မှုကို လိုလို လားလား အသုံးချလာသည့် အခြေအနေမျိုးတွင် ဖြစ်သည်။ “အကြမ်းမဖက်ခုခံမှုများသည် ညင်သာ သည့်၊ သို့မဟုတ် အင်အားပျော့သည့် ဆန့်ကျင်ဖက်အင်အားစုများနှင့်အသာ အလုပ် ဖြစ်နိုင်သည်” ဟူ၍ မကြာခဏ ဆိုသလို ပုံဖော်ပြခံရသည်။ သို့သော် ထိုသူများက တောင်အာဖရိကနိုင်ငံတွင် အသား အရောင်ခွဲခြားမှုအပေါ် အနိုင်ရရှိမှု၊ ချီလီနိုင်ငံမှ ပီနိုရှေး၊ ဖိလစ်ပိုင်နိုင်ငံမှ မားကို့စ်၊ သို့မဟုတ် ပိုလန် နိုင်ငံရှိ ကွန်မြူနစ်အစိုးရတို့အပေါ် အနိုင် ရရှိခဲ့သည်ကို အလွယ်တကူပင် မေ့ထားကြပါသည်။ များ မကြာမီက သာဓကများမှာ အီဂျစ်နိုင်ငံမှ ဟော့စနီ မူဘာရက်နှင့် တူနီးရှားနိုင်ငံမှ ဘင်အာလီတို့ အပေါ် အနိုင်ရမှုဖြစ်သည်။ ဤသို့သော မည်သည့်အစိုးရကိုမျှ ညင်သာသည်၊ အားပျော့သည်၊ သို့မဟုတ် ပြင်းထန်စွာ ဖိနှိပ်လိုစိတ် ဆန္ဒမရှိဟု မဆိုနိုင်ကြပါ။

ဤသို့ အရည်အသွေးသဘောဆိုင်ရာ သာဓကများကို အရည်အတွက်ဆိုင်ရာ သုံးသပ်ချက်များက လည်း ထောက်ခံနေပါသည်။ ၂၀၀၈ ခုနှစ်တွင် Freedom House အဖွဲ့အစည်းက ၁၉၇၅ မှ ၂၀၀၆ ခုနှစ်များအတွင်း အာဏာရှင်အစိုးရများမှ အသွင်ကူးပြောင်းမှု ဖြစ်ပေါ်ခဲ့သည့် နိုင်ငံ ၆၄ ခုတွင် ဖွဲ့စည်း ထားမှုဆိုင်ရာ အကြောင်းအချက် အထွေထွေကို လေ့လာ သုတေသနပြုခဲ့ ထုတ်ပြန်ခဲ့ပါသည်။ ယခု ဖော်ပြသည်မှာ အဓိကကျသည့် နိဂုံးချုပ်သုံးသပ်ချက်မှ ကောက်နှုတ်ဖော်ပြထားချက် ဖြစ်ပါသည်။

> … ယခုလေ့လာမှုတွင် နိုင်ငံရေးအကြောင်းအချက်များရော၊ ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်း အချက်များ နှစ်ခုလုံးမှာ ပြည်သူ့ခုခံမှုများ အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုအတွက် စရင်းအင်း သဘောအရ သိသာထင်ရှားသည့် သက်ရောက်နေမှု မရှိပါ။…. ပြည်သူ့ခုခံမှုများမှာ ဖွံ့ဖြိုးမှု နိမ့်ကျသည့်၊ စီးပွားရေးအရ ဆင်းရဲသည့် နိုင်ငံများတွင်လည်း ဖွံ့ဖြိုးပြီး၊ ကြွယ်ဝသည့် လူမှု အသိုက်အဝန်းများကဲ့သို့ပင် အောင်မြင်နိုင်သည်ကို တွေ့ရှိ ရသည်။ ယခုလေ့လာချက်က တွေ့ရှိရသည်မှာ တိုင်းရင်းသားလူမျိုး သို့မဟုတ် ဘာသာကိုးကွယ်မှုအရ ကွဲပြားခြားနားခြင်း သည်လည်း စုစည်းညီညွတ်သည့် ပြည်သူ့ အတိုက်အခံ အင်အားစုတရပ် ပေါ်ထွက်လာစေ ရေး အတွက် မည်သို့မျှ အဓိကကျသည့် သက်ရောက်မှုအပေါ် သိသာထင်ရှားသည့်သက်သေ အထောက်အထားများလည်း မတွေ့ရှိရပါ။ အလားတူ အာဏာရှင်အစိုးရ အမျိုးအစားသည် လည်း ပြည်သူ့လှုပ်ရှားမှုများအတွက် အကျယ်အပြန့်သော ထောက်ခံမှု ရရှိနိုင်စွမ်းအပေါ် အရေးပါသည့်လွှမ်းမိုးမှု မရှိသည်ကို တွေ့ရသည်။[3]

ယခု လေ့လာမှုတွင် ပြည်သူ့ခုခံမှု လှုပ်ရှားမှုများအတွက် ရလဒ်များထွက်ပေါ်လာစေရန် စရင်းအင်း များအရ သိသာထင်ရှားသည့် လွှမ်းမိုးမှုရှိသော၊ တခုတည်းသော လေ့လာသည့် အကြောင်းအချက်မှာ အစိုးရ၏ ဗဟိုချုပ်ကိုင်ထားမှုသာ ဖြစ်ပါသည်။ စာရေးသူက ဖော်ပြရာ၌-

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

> လေ့လာမှုအရ တွေ့ရှိရသည်မှာ မြင့်မားသည့် ဗဟိုချုပ်ကိုင်မှုရှိနေခြင်းသည် အာဏာရှင်အစိုးရ၏ အာဏာကို စိန်ခေါ်နိုင်စွမ်းရှိသည့် အင်အားကောင်းသော ပြည်သူ့လှုပ်ရှားမှုများ ပေါ်ထွက်လာစေရေးအတွက် အပြုသဘော ဆက်စပ်မှုရှိခြင်းပင် ဖြစ်သည်။ ဆန့်ကျင်ဖက်သဘောမှ ကြည့်လျှင်လည်း အလားတူ မှန်ကန်နေပါသည်။ အစိုးရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ပို၍မြင့်လေလေ၊ ပြည်သူ့စည်းရုံး လှုပ်ရှားမှုများမှနေ၍ အောင်မြင်သည့် လှုပ်ရှားမှုများ ပေါ်ထွက်လာစေရန် ခက်ခဲလေလေပင် ဖြစ်ပါသည်။[4]

သို့အတွက်ကြောင့် ယခုလေ့လာမှုအနေဖြင့် လူထု ခုခံရေးလှုပ်ရှားမှုများ၏ လမ်းကြောင်း အလားအလာအတွက် ဝန်းကျင်အခြေအနေများက သက်ရောက်မှုရှိကြောင်း တွေ့ရှိရပြီး၊ ထိုလေ့လာမှုများ အားလုံး၏ တွေ့ရှိချက်များအရ ယခု ပဋိပက္ခများ၏ ရလဒ်အဆုံးအဖြတ်ကို အခြေအနေများက ဆုံးဖြတ်ပေးနိုင်သည်ဆိုသည့် အချက်ကို ခိုင်မာစွာ ချေဖျက်နေပါသည်။

၃ နှစ်ကြာပြီးနောက် ၂၀၁၁ ခုနှစ်တွင် သူတို့၏ ဆုရရှိသည့် စာအုပ်ဖြစ်သော "မည်သည့်အတွက်ကြောင့် ပြည်သူတို့၏ ခုခံမှုများ အလုပ်ဖြစ်သနည်း- အကြမ်းမဖက်သည့် ပဋိပက္ခများ၏ မဟာဗျူဟာမြောက် ဆင်ခြင်မှု" (Why Civil Resistance Works: The Strategic Logic of Nonviolent Conflict) တွင်၊ ပညာရှင် အီရီကာ ချီနိုဝက်သ် (Erica Chenoweth) နှင့် မာရီယာ စတီဖန် (Maria Stephan) တို့က ၁၉၀၀ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း တည်ရှိခဲ့သည့် အစိုးရများကို စိန်ခေါ်ခဲ့ကြသည့် အကြမ်းဖက်နှင့် အကြမ်းမဖက် လှုပ်ရှားမှုကမ်ပိန်း ၃၂၃ ခုကို ပြင်းထန်စွာ လေ့လာ သုံးသပ်ခဲ့ကြပါသည်။ [5] ဤသို့ ထူးခြားပြောင်မြောက်သည့် တွေ့ရှိချက်တွင် အကြမ်းမဖက်သည့် ကမ်ပိန်းလှုပ်ရှားမှုများသည် အချိန်တိုင်းတွင် ၅၃% အောင်မြင်ပြီး၊ နှိုင်းယှဉ်ချက်အရ အကြမ်းဖက် လှုပ်ရှားမှုများက အချိန်တိုင်းတွင် ၂၆ % သာ အောင်မြင်မှုရကြသည်။[6] သူတို့၏ တွေ့ရှိချက်များတွင် နိုင်ငံအစိုးရများ၏ ဖိနှိပ်မှုများနှင့် အခြားသော ဖွဲ့စည်းပုံဆိုင်ရာ အချက်များက လူထုခုခံရေး လှုပ်ရှားမှု အောင်မြင်မှု အလားအလာ အပေါ် လွှမ်းမိုးမှုရှိကြောင်းလည်း တွေ့ရှိကြသည်။ (သို့သော် လူအများက ယေဘုယျ ယူဆထားကြသည်ထက် များသောအားဖြင့် လျှော့နည်းပါသည်။ အစိုးရက အကြမ်းဖက်ဖိနှိပ်ပါက အောင်မြင်မှု အလားအလာနှုန်းကို ၃၅% ခန့်သာ လျှော့ကျစေသည်)။ သူတို့၏ တွေ့ရှိချက်တွင် ဖွဲ့စည်းထားပုံက လှုပ်ရှားမှု၏ ရလဒ်အပေါ် အဆုံးအဖြတ်အဖြစ် မည်သို့မျှ သက်ရောက်မှု မရှိကြောင်း တွေ့ရပါသည်။[7] အချက်အလက် ဒေတာများကို သူတို့က သေချာစပ်နှံ့စွာ သုံးသပ်ပြီးနောက် နိဂုံးချုပ်ရာတွင် "အထောက်အထားများအရ လူထုခုခံရေး လှုပ်ရှားမှုများသည် များသောအားဖြင့် ပတ်ဝန်းကျင် အခြေအနေ မည်သို့ရှိသည်ဖြစ်စေ အောင်မြင်နိုင်ကြပြီး၊ ယင်းအခြေအနေတို့ကို လူအများက အကြမ်းမဖက် လှုပ်ရှားမှု ကမ်ပိန်းများ ကျရှုံးရမှုနှင့် တွဲစပ်ဖော်ပြကြသည်" ဟု ဆိုသည်။[8]

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

ဤရလဒ်များက ဖော်ပြသည်မှာ လူထုခုခံရေး လှုပ်ရှားမှုများအပေါ် သမားရိုးကျ ရှုမြင်တွေးခေါ်မှုများမှာ မှားယွင်းနေသည့် အပေါ်ယံ ယူဆချက်များအပေါ် အခြေပြုထားကြသည်။ ဤပဋိပက္ခများ၏ ရလဒ်များအပေါ် အဆုံးအဖြတ်ပေးရာတွင် အခြေအနေများထက်စာလျှင် ကျွမ်းကျင်မှုနှင့် မဟာဗျူဟာ ရွေးချယ်မှုများက များသောအားဖြင့် ပို၍ အရေးကြီးပါသည်။ အမှန်ဆိုရလျှင် အံ့သြဖွယ် မရှိပါ။ မိမိတို့က ပထမဦးဆုံး မဟာဗျူဟာကို စဉ်းစားဆုံးဖြတ်ရာတွင် အာဏာရှင်များက မည်သို့မည်ပုံ တိုက်ခိုက်လာမည်ဟူသောအချက်ကို အတိုက်အခံဖက်က အခြေပြုကြပါသည်။ ရလဒ်များအပေါ်တွင် ပြင်ပ အခြေအနေများက အဆုံးအဖြတ်ပေးနိုင်သည်ဟု မျှော်လင့်ထားကြသည်မှာ၊ ထို့နောက်တွင် ပြည်သူများက အာဏာရှင်ကိုဆန့်ကျင်ရန် မည်သို့မည်ပုံ တိုက်ခိုက်မည်ဟု မဟာဗျူဟာကို ရွေးချယ်ကြသည်က အရေးမကြီးကြောင်း မြင်ကြသည်မှာ ကျိုးကြောင်းဆီလျော် ဖြစ်ပါသည်။ အချိန်ရလာသည်နှင့်အမျှ အကြမ်းဖက်နှင့် အကြမ်းမဖက် ပဋိပက္ခများ အောင်မြင်မှုနှုန်းများသည် ဖြစ်ရပ်များစွာတွင် အတူတူဖြစ်မည်ဟု ကျိုးကြောင်းဆင်ခြင် မြင်ကြသည်။

သို့သော်လည်း အချက်အလက် ဒေတာများက ဖော်ပြသည်မှာ ဤသို့မဟုတ်ပါ။ ၁၉၀၀-၂၀၀၆ ခုနှစ်များအကြား ပြည်သူ့အာဏာ လှုပ်ရှားမှုများက အောင်မြင်မှုနှစ်ဆ ရခဲ့ကြပါသည်။ များမကြာမီ ဖြစ်ရပ်လေ့လာမှုများအရ အောင်မြင်မှုနှုန်းသည် သိသာထင်ရှားစွာ ပြောင်းလဲမှု မရှိပါ။[9] အချို့သောသူများက ခုခံသူ လူထုများက အောင်မြင်ရန် လွယ်ကူသည့် တိုက်ပွဲများကို ထည့်သွင်းထားကြောင်း ပြော၍ စိန်ခေါ်ငြင်းဆိုနိုင်ပါသည်။ သို့သော် Chenoweth နှင့် Stephan တို့က ဤသို့ ငြင်းဆိုမည်ကို မျှော်လင့်ထားပြီး ဖြစ်သည်။ ယင်းတို့က ဖော်ပြရာ၌ "… အကြမ်းမဖက် လှုပ်ရှားမှုကမ်ပိန်းများ၏ အများစုသည် အာဏာရှင် အစိုးရများအောက်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ … ဤအစိုးရများကို အတိုက်အခံပြု ဆန့်ကျင်ခြင်းအားဖြင့် သေစေနိုင်လောက်သည့် အကျိုးဆက်များလည်း ဖြစ်ပေါ်နိုင်ပါသေးသည်" ဟု ဆိုထားသည်။[10]

နိုဘဲဆုရ စီးပွားရေးပညာရှင် သောမတ်စ် ရှဲလင်း (Thomas Schelling) က "လူထု ခုခံမှုများက အမျိုးသား ကာကွယ်ရေးဖြစ်သည် - ကျူးကျော်မှုများ ဆန့်ကျင်ရေး အကြမ်းမဖက်လှုပ်ရှားမှုများ" (Civilian Resistance as a National Defence: Nonviolent Action against Aggression) စာအုပ်တွင် လွန်ခဲ့သည့် နှစ် ၅၀ ကျော်က သူရေးခဲ့သည့် အက်ဆေးတပုဒ်တွင် မှန်ကန်စွာထောက်ပြခဲ့သည်။ အောက်တွင်ဖော်ပြထားသည်မှာ သူ၏ နိဂုံးချုပ် သုံးသပ်ချက် ဖြစ်ပါသည်။

> အာဏာရှင် မင်းဆိုးမင်းညစ်များနှင့် သူတို့၏ အပြုခံနောက်လိုက်များမှာ အချိုးညီညီ အခြေအနေ ရှိနေကြပါသည်။ သူ လိုအပ်သည်ကို ထိုသူများက ငြင်းဆိုနိုင်ကြပါသည်။ သူတို့က ပူးပေါင်းဆောင်ရွက်မှုကို ငြင်းဆန်ရန် စည်းကမ်း စနစ်တကျရှိသည့် အဖွဲ့အစည်းမျိုး ရှိနေပါက သူတို့ ငြင်းဆန်နိုင်ကြပါသည်။ သူကလည်း ထိုသူများ လိုသမျှ အရာကိစ္စများအားလုံးကို ငြင်းဆန်နိုင်ပါသည်။ သူက အမိန့်ပေးနိုင်သည့် တပ်ဖွဲ့ကိုသုံး၍ သူကလည်း ငြင်းဆန်နိုင်ပါ

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

သည်။ ... ဖက် အသီးသီးတွင် အပေးအယူလုပ်နိုင်သည့် အခြေအနေ ရှိနေကြပါသည်။ လုံလောက်စွာ စည်းကမ်းရှိ၍၊ စုစည်းမှု ရှိနေပါက ထိုသူများက အခြားသူများ လိုချင်သည့်ကိစ္စအများစုကို ငြင်းဆန်နိုင်ကြပါသည်။ မည်သူက အနိုင်ရမည်ကို အဆုံးအဖြတ်ပေးရန်သာ ကျန်ပါမည်။[11]

ရှဲလင်း (Schelling) ၏ အဆိုအရ လူထု ခုခံရေးသမားများက ရွေးချယ်သည့် နည်းပရိယာယ်များတွင် တန်ဖိုးပေးဆပ်ရမှုများ၊ အကျိုးကျေးဇူးများ ရှိပါသည်။ အလားတူပင် အာဏာရှင်များက အတိုက်အခံပြု ရွေးချယ်သည့် နည်းပရိယာယ်များလည်း အတူပင် ဖြစ်သည်။ အောင်မြင်မှုရကြသူများမှာ ဤသို့သော တန်ဖိုးပေးဆပ်ရမှု နှင့် အကျိုးရှိမှုကို သူတို့ဖက် သာအောင် ဖြန့်ဝေနိုင်သည့် ဦးစီးဦးဆောင်ပြုသူများ ဖြစ်သည်။ ကျွမ်းကျင်ပါးနပ်သည့် လူထု ခုခံမှုခေါင်းဆောင်များက ဖက်ကူးပြောင်း လက်နက်ချလာမှုများ အများဆုံးဖြစ်နိုင်စေရန် ထင်မှတ်မထားသည့် ရုတ်ချည်းအပြောင်းအလဲများကို ဖန်တီးလိုကြသည်။ သေးငယ်သည့် ရုတ်ချည်းအပြောင်းအလဲများမှသည် ဖက်ကူးပြောင်းလာသူ အရေအတွက် အများအပြား ဖြစ်ပေါ်စေရန် နည်းပရိယာယ်များကို သင့်မြတ်လျော်ကန်စွာ အသုံးချလိုကြသည်။ ကျွမ်းကျင်ပါးနပ်သည့် အာဏာရှင်များကမူ နာခံမှုကို အားဖြည့်လိုကြသည်။ များသောအားဖြင့် အကြမ်းဖက်မှုကို သုံး၍ ဖိအားပေးလိုကြသည်။ အနည်းငယ် အကြမ်းဖက်မှုကို သုံးရုံမျှဖြင့် အများစုက နာခံလာစေရေးကို သင့်သလို သုံးလိုကြသည်။ ဖက်ကူးပြောင်း လက်နက်ချလာမှုများ စုပေါင်းလာသည့်အခါ၊ တဖက်ကလည်း နာခံမှု ဖြစ်လာသည့်အခါ မည်သူနိုင်-ရှုံးမည်ကို အဆုံးအဖြတ် ဖြစ်စေတော့သည်။

## စစ်ဆေးကြည့်ရမည့် အချက်များ

လူထုခုခံမှု လှုပ်ရှားမှု၏ ရလဒ်များအတွက် ကျွမ်းကျင်မှုနှင့် မဟာဗျူဟာ ရွေးချယ်မှုသည် ဩဇာလွှမ်းမိုးမှု အရှိဆုံးဖြစ်ရာ မိမိတို့အနေဖြင့် မျှဝေတည်ရှိနေသော စွမ်းဆောင်ရည်များ၊ ကျွမ်းကျင်မှုများ၊ လှုပ်ရှားမှု အဆင့်ဆင့်၏ ရွေးချယ်မှုများကို သတ်မှတ်ဖော်ထုတ်ရန် လိုအပ်လာပါသည်။ ဤအချက်များက အောင်မြင်မှုအတွက် ဘုံသဘော ဆုံးဖြတ်နိုင်သည့် သတ်မှတ်ချက်များ ဖြစ်လာစေပါသည်။ လှုပ်ရှားမှုများ၏ ရှုထောင့်အသီးသီးကို သုံးသပ်စိစစ်နိုင်ပါသည်။ သို့သော် မိမိတို့က ကိန်းရှင်များစွာကို စိစစ်ထုတ်ရမည် ဖြစ်ပါသည်။ သို့သော်လည်း အောင်မြင်ကြသည့် လူထုခုခံရေး လှုပ်ရှားမှုများအတွက် အဓိကကျသည့် စွမ်းဆောင်နိုင်ရည် သုံးရပ်ကို ဤသို့ တွေ့ရသည်။ ယင်းတို့မှာ -

၁။ ပြည်သူများကို စည်းလုံးညီညွတ်စေသော စွမ်းရည်
၂။ လှုပ်ရှားမှုများအတွက် အစီအစဉ် ရေးဆွဲမှု
၃။ အကြမ်းမဖက်သည့် စည်းမျဉ်း

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

လူထု ခုခံရေးလှုပ်ရှားမှုများတွင် ဤသို့ စွမ်းဆောင်ရည်များ ရှိသည့်အခါ ယင်းတို့က အင်အားကောင်းသည့် လားရာအဆင့် သုံးခု ဖြစ်ပေါ်လာစေပါသည်။ လှုပ်ရှားမှု၏ အောင်မြင်မှုအပေါ်တွင်လည်း ထိရောက်မှု များစွာရှိကြောင်း ဖော်ပြချက် ဖြစ်လာစေပါသည်။ ဤလားရာများမှာ-

၁။ လူထု ခုခံမှု လှုပ်ရှားမှုတွင် အရပ်သားများ ပါဝင်မှု မြင့်မားလာခြင်း
၂။ ဖိနှိပ်မှုများ၏ သက်ရောက်ထိခိုက်မှု လျော့နည်းလာခြင်း နှင့် မရည်ရွယ်သည့် ဆိုးကျိုးအပျက်များလာခြင်း
၃။ လှုပ်ရှားမှု၏ ဆန့်ကျင်ဖက် အင်အားစုထံမှ ဖက်ကူးပြောင်းမှု များလာခြင်း

ဤအချက်များကို စုပေါင်း၍ စွမ်းဆောင်နိုင်ရည် ၃ ချက် နှင့် လားရာ ၃ ချက်ကို “စစ်ဆေးကြည့်ရမည့် အချက်များ” (checklists) အဖြစ် မိမိတို့က ရည်ညွှန်းလိုပါသည်။ ဤ စွမ်းဆောင်နိုင်ရည်များ နှင့် လားရာများကို ရရှိခြင်းအားဖြင့် လှုပ်ရှားမှု၏ အောင်မြင်နိုင်စွမ်းကို သိသာစွာ တိုးတက်ပြောင်းလဲလာစေမည်ဟု မိမိတို့ ယုံကြည်ပါသည်။ ဤနေရာတွင် စစ်ဆေးကြည့်ရမည့် အချက်များမှာ ရလဒ်တခုအတွက် ဖော်နည်းကား ဖော်မြူလာတခု မဟုတ်ပါ။ သို့သော် ပြည်သူများက သူတို့၏ တွေးခေါ်မှုများကို စီစဉ်နိုင်ရန်အတွက်နှင့် လှုပ်ရှားမှု ထိရောက်စေရန်အတွက် ထောက်ကူပြုပေးနိုင်သော အခြေခံမူဘောင်တခုတော့ ဖြစ်ပါသည်။

ဤသို့ နိဂုံးချုပ်နိုင်ရန်အတွက် စစ်ဆေးရမည့်အချက်များအနက်မှ တခုကို စောင့်ကြည့်ဖြတ်သန်း နေချိန်တွင် ပဋိပက္ခအတွင်း၌ မည်သည့်နေရာ ရောက်မှန်းမသိ၊ မျက်စေ့လည် လမ်းပျောက်ရသည့် ခံစားမှုမျိုးလည်း ကြုံရနိုင်ပါသည်။ ရှုပ်ထွေးခက်ခဲမှုသည် လူထုခုခံရေးလှုပ်ရှားမှုများအတွင်း ကြုံတွေ့ကြရသော အကြီးမားဆုံးသော စိန်ခေါ်မှု ဖြစ်ပါသည်။ ပဋိပက္ခ၏ မြူခိုးများအကြားတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ မည်သည့်အကြောင်းအချက်သည် အရေးအကြီးဆုံး ဖြစ်ကြောင်း သတိပြုရိပ်စားမိနိုင်ရန် ခက်ခဲပါသည်။ အကယ်၍ တက်ကြွလှုပ်ရှားသူတဦးက ဖြစ်စေ၊ ပြင်ပမှ လေ့လာစောင့်ကြည့်နေသူ တဦးကဖြစ်စေ လှုပ်ရှားမှု၏ အလားအလာများကို သုံးသပ်လိုပါက စွမ်းဆောင်နိုင်ရည် ၃ ချက် နှင့် လားရာ ၃ ရပ်ကို စစ်ဆေးရမည့်အချက်များ (checklist) တွင် မိမိတို့က ထိန်းသိမ်းထားရှိပါက လှုပ်ရှားမှုတခု၏ လက်ရှိအခြေအနေကို ခွဲခြမ်းသုံးသပ်ရန် အကောင်းဆုံးအခြေခံကို ဖြစ်စေပါလိမ့်မည်။ အားသာချက်များ၊ အားနည်းချက်များနှင့် အောင်မြင်မှုအတွက် အလားအလာများကို သိရှိစေနိုင်ပါသည်။

စစ်ဆေးကြည့်ရမည့် အချက်များကို အောက်တွင် အကျယ်ရှင်းပါမည်။

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

၁။ ပြည်သူများကို စည်းလုံးညီညွတ်စေသော စွမ်းရည်

အာဏာရှင်များသည် အခြေအနေကိုလိုက်၍ ပြောင်းလဲနိုင်သည့် သွေးခွဲအုပ်ချုပ်ရေးကို လက်တွေ့ကျင့်သုံးကြသူများ ဖြစ်ကြပြီး၊ ထိုသူများကို စိန်ခေါ်ပြောင်းလဲပစ်လိုကြသူများအဖို့ ညီညွတ်မှု ဖန်တီးရရှိနိုင်ရန် ပို၍ အခြေအနေနှင့် လိုက်လျောညီထွေ ပြောင်းလဲကြရမည် ဖြစ်ပါသည်။ ညီညွတ်ရေးကို တည်ဆောက်ရန်နှင့် ထိန်းသိမ်းထားရန်အတွက် မျက်နှာစာ ပေါင်းစုံ ရှိပါသည်။ သို့သော် ယင်းသို့ ဆောင်ရွက်ရန် အရေးအကြီးဆုံး အချက်မှာ မျှဝေခံယူထားသည့်၊ အင်အားစုအားလုံး ပါဝင်နိုင်သည့် မြော်မြင်ချက် ထားရှိရန်ပင် ဖြစ်ပါသည်။ ဤသို့ မြော်မြင်ချက် ရရှိနိုင်ရန် လှုပ်ရှားမှုကို စည်းရုံးဆောင်ရွက်ကြသူများက သူတို့စည်းရုံး လှုံ့ဆော်လိုသော မတူခြားနားသည့် လူထုအုပ်စုများ၏ နစ်နာခံစားရမှုများ၊ လိုလား မျှော်မှန်းထားချက်များ၊ ယဉ်ကျေးမှုများ၊ တန်ဖိုးထားမှုများအပေါ် နက်ရှိုင်းသည့် ဗဟုသုတ ရှိနေရပါမည်။ ဤသို့သော ဗဟုသုတများမှနေ၍ မြော်မြင်ချက်တရပ်ကို အခြေခံ တည်ဆောက်ပြီး ဆက်သွယ် ပြောဆိုကြရပါမည်။ သို့မှသာ အကျယ်အပြန့်သော လူထုများကို လှုံ့ဆော်စည်းရုံးနိုင်၍ သူတို့၏ ထောက်ခံမှု ရရှိပါမည်။ ထိရောက်သော မြော်မြင်ချက်များသည် သာမာန်ပြည်သူလူထုများ၏ တဦးချင်း အတွေ့အကြုံများ၊ ခံစားချက်များကို ထင်ဟပ်ရမည် ဖြစ်ပြီး၊ စုပေါင်းဆောင်ရွက်ကြသည့် လူထုခုခံရေးလှုပ်ရှားမှုများတွင် သူတို့၏ ပါဝင်ဆောင်ရွက်မှုကို ဆွဲဆောင်နိုင်ရမည် ဖြစ်သည်။

ညီညွတ်မှု တည်ဆောက်ရေးအတွက် အရေးကြီးသည့် ရှုထောင့်တခုမှာ တရားဝင်မှုဖြင့် ခေါင်းဆောင်မှု နှင့် အဖွဲ့အစည်း တည်ဆောက်ထားပုံ ရှိခြင်း ဖြစ်သည်။ လှုပ်ရှားမှုအတွင်း လူအများ ပါဝင်ဆောင်ရွက်မှုမှာ ထိုသူများ၏ ဆန္ဒအလျှောက် ဖြစ်ရာ၊ ခေါင်းဆောင်များမှာ လှုပ်ရှားစုစည်းမိသည့် လူထုကြီး၏ တရားဝင် အမိန့်ပေးခွင့်၊ ထိန်းချုပ်ခွင့် အာဏာ မရှိကြပါ။ ဆိုလိုသည်မှာ လှုပ်ရှားမှုတခု၏ ဆုံးဖြတ်ချက်များကို လူထုများက တရားဝင်သည်ဟု ခံစားရသောနည်းလမ်းများဖြင့်သာ ဆုံးဖြတ်၊ အကောင်အထည်ဖော်ကြရပါမည်။ သို့မှသာ သူတို့က စုစည်းပါဝင်ကြပါမည်။ လှုပ်ရှားမှုတခုချင်းစီက ဤသို့ ဆောင်ရွက်ရန် သူတို့ကိုယ်ပိုင် နည်းလမ်းများ ရှိကြသည်။ အချို့က ထက်-အောက် စီးဆင်းမှု ဆန်ဆန် သွားကြသည်။ အချို့က ပို၍ ဗဟိုချုပ်ကိုင်မှု ဖြန့်ခွဲထားသောနည်းဖြင့် သွားသည်။ အချို့က အချိန်နှင့်အမျှ နည်းလမ်းနှစ်ခုလုံး ကို ပေါင်းစပ် အသုံးပြုကြပါသည်။ လှုပ်ရှားမှု၏ တိကျသည့် ခေါင်းဆောင်မှု နှင့် ဖွဲ့စည်းတည်ဆောက်ထားပုံ ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ လှုပ်ရှားမှုများတွင် မတူကွဲပြားသည့် ခေါင်းဆောင်မှုများ ရှိကြပါသည်။ ထိုသူများ ဝန်းကျင်တွင် လိုက်လျောညီထွေစွာ ညီညွတ်မှု ဖြစ်လာစေသည်။ သာမန် မည်ကာမတ္တဖြစ်စေ၊ သို့မဟုတ် သူမတူ ဆွဲဆောင်မှု အားကောင်းသော အမျိုးသားခေါင်းဆောင်မှုဖြစ်စေ တဦးချင်း စီတိုင်းအတွက် ညွန့်ပေါင်းမဟာမိတ်များ ဖွဲ့စည်းရာ၌၊ ညှိနှိုင်းဆွေးနွေးရာ၌၊ မတူခြားနားသော အုပ်စုများအကြား အကျိုးစီးပွားကိစ္စများကို ပေါင်းရုံးရယူကြရာ၌၊ အထူး ကျွမ်းကျင်ပါးနပ်ကြသော ဒေသဆိုင်ရာ ခေါင်းဆောင်အများအပြား ရှိနေကြပါသည်။ ဤသည်မှာ မတူခြားနားသော ခေါင်းဆောင်များ၊ မည်သည့်အဆင့်တွင် ရှိသည်ဖြစ်စေ (ဒေသ

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

ဆိုင်ရာ၊ နိုင်ငံအဆင့်)၊ နိုင်ငံ၏ မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ၊ မတူခြားနားသော မည်သည့် အုပ်စုများကို ကိုယ်စားပြုထားသည်ဖြစ်စေ၊ အချိန်ကာလ ရေရှည်အတွက် အတူတကွ အလုပ်လုပ် ကိုင်ကြရင်း ညီညွတ်ရေးကို ထိန်းသိမ်းထားနိုင်ကြရန် အရေးကြီးပါသည်။

ဤသို့သော လူထု ခုခံရေးလှုပ်ရှားမှုများတွင် ညီညွတ်ရေးနှင့်ပတ်သက်၍ ရှုထောင့် နှစ်ခုလုံး၏ သက်သေအထောက် အထားများကို ၁၉၈၀ ခုနှစ်၊ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေး တောင်အာဖရိက လှုပ်ရှားမှုများတွင် တွေ့မြင်ခဲ့ကြရသည်။ အရေအတွက် ရာချီသည့် အရပ်ဘက် လူမှုအင်အားစုများ ထိုဆယ်စုနှစ်များအတွင်း ပေါ်ထွက်လာခဲ့ကြပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေး နှင့် ဝန်ဆောင်မှုများ ရရှိနိုင်ရေးတို့အတွက် မြူနီစီပယ်ဌာနများကို တိုက်တွန်း တောင်းဆိုခဲ့ကြသည်။ တပြိုင်နက်တည်းတွင် အသားအရောင် ခွဲခြားမှု နိဂုံးချုပ်စေရေး နှင့် အမျိုးသား ပြန်လည်သင့်မြတ်မှု ရရှိနိုင်ရေး ဟူသော ဘုံတူညီသည့် မြော်မြင်ချက်တရပ်အောက်တွင် ညီညွတ်စွာ စုစည်းထားနိုင်သည်။ ဤသို့သော အရပ်ဘက် လူမှုအင်အားစုများက ညီညွတ်သော ဒီမိုကရေစီတပ်ဦး (United Democratic Front) ဟူသည့် ခေါင်းစဉ်အောက်တွင် စုစည်းထားနိုင်ခဲ့သည်။ ယင်းတွင် ဒေသခံခေါင်းဆောင်များ ပါဝင်ကြပြီး ဗဟိုချုပ်ကိုင်မှု လျှော့ချ ဖြန့်ခွဲထားသည့် နည်းပရိယာယ်များကို ထိရောက်စွာ ခေါင်းဆောင် နိုင်ခဲ့ကြသည်။ (ဥပမာအားဖြင့် ဒေသဆိုင်ရာ ပြဿနာများအတွက် စားသုံးသူ သပိတ်ကဲ့သို့သော သပိတ်မှောက်မှုမျိုးဖြစ်သည်။ တချိန်တည်းတွင် ပို၍ကျယ်ပြန့်သည့် ဖွဲ့စည်းမှုဆိုင်ရာ တည်ဆောက်မှုများ နှင့် အမျိုးသားရေး လှုပ်ရှားမှု ခေါင်းဆောင်မှုအတွက် ဆက်သွယ်ကာ ပူးပေါင်းဆောင်ရွက်ကြသည်။

၂။ လှုပ်ရှားမှုများအတွက် အစီအစဉ် ရေးဆွဲမှု

ထိရောက်သည့် လူထု ခုခံရေးလှုပ်ရှားမှုများ ဆင်နွှဲခြင်းသည် လူအများက ယူဆထားကြသည်ထက် ပို၍ ရှုပ်ထွေး ခက်ခဲပါသည်။ လူများက လူထု ခုခံရေးလှုပ်ရှားမှုများနှင့် ပတ်သက်၍ စဉ်းစားကြသည့် အခါ မြင်မိသော ပုံရိပ်သည် ဆန္ဒပြပွဲများ ဖြစ်သည်။ သို့တိုင်အောင် ဤသည်မှာ ဖြစ်နိုင်သော ရာနှင့်ချီသည့် နည်းပရိယာယ်များအနက် တခုသာ ဖြစ်ပါသည်။ အထိရောက်ဆုံးသော လှုပ်ရှားမှုများက မည်သည့် နည်းပရိယာယ် ရွေးချယ်ရမည်ကို နားလည်သဘောပေါက်ကြပါသည်။ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သို့မည်ပုံ၊ မည်သူတို့အပေါ် ဆောင်ရွက်သင့်သည်၊ မည်သည့်ပစ်မှတ်ထားသင့်သည်ကို အခြားသော နည်းပရိယာယ်များ အစီအစဉ်အလိုက် ထားရှိသည့်အနက်မှ ဆောင်ရွက်ကြရမည်ကို သဘောပေါက် သိရှိကြပါသည်။

ဤမေးခွန်းများကို လုံလောက်စွာဖြေဆိုရန်အတွက် လှုပ်ရှားမှုနှင့် ဆန့်ကျင်ဖက် အင်အားစုများ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများ နှင့် ခြိမ်းခြောက်မှုများကို သေချာသုံးသပ်၍ အစီအစဉ်ရေးဆွဲမှုများ လိုအပ်ပါသည်။ အလားတူပင် ပဋိပက္ခဝန်းကျင် နှင့် ကြားနေ သို့မဟုတ် ကတိ

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

ကဝတ်မပြုရသေးသည့် အင်အားစုများအပေါ် အကဲဖြတ်ချက်များလည်း လိုအပ်ပါမည်။ (ယင်းတို့တွင် နိုင်ငံတကာ မိသားစုများလည်း ပါဝင်) ၍ ပဋိပက္ခအပေါ် ဩဇာလွှမ်းမိုး သက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ ဤသတင်းအချက်အလက်များကို အခြေခံ၍ လှုပ်ရှားမှုက ထိရောက်ပြီး ရေတို၊ အလယ်အလတ် နှင့် ရေရှည် ဦးတည်ချက်များ၊ ယင်းတို့နှင့် ဆက်စပ်နေသည့် လုပ်ငန်းဆောင်တာ အစီအစဉ်များ ရေးဆွဲနိုင်ပါသည်။ ဤအစီအစဉ်များသည် အချိန်ရလာသည်နှင့်အမျှ မြေပြင်အခြေအနေအပေါ် တုံ့ပြန်၍ (စီစဉ်ထားသည့်အတိုင်း ဖြစ်လာ၍) ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပြီး လှုပ်ရှားမှုအတွင်း ပါဝင်ဆောင်ရွက်နေကြသူများအတွက် အစီအစဉ်ရေးဆွဲရေး လုပ်ငန်းစဉ်များ နှင့် စိတ်နေ သဘောထားများသည် အစီအစဉ်တခု သက်သက်ထက် ဖွံ့ဖြိုးလာစေရန် အထူး အရေးကြီးပါသည်။

ဖြစ်ရပ်များအရ၊ လုပ်ငန်းဆောင်တာ အစီအစဉ် ရေးဆွဲခြင်းသည် ကျွမ်းကျင်မှုများနှင့် ပဋိပက္ခ၏ အခြေအနေများ စုဆုံရာအဖြစ် မိမိတို့ ရှင်းလင်းထင်ရှားစွာ မြင်တွေ့ရပါသည်။ လုပ်ငန်းဆောင်တာ အစီအစဉ် ရေးဆွဲခြင်း၏ အခြေခံသည် လှုပ်ရှားမှုက ကြုံတွေ့နေရသည့် အခြေအနေများကို (အခြေအနေပေးသလော- အခြေအနေ မပေးသလော ဟူ၍) ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း ဖြစ်သည်။ ထို့နောက် လှုပ်ရှားမှုက အခြေအနေပေးသည့် ကိစ္စများကို အသုံးချရန် စီစဉ်၍ ကျော်လွှားနိုင်ရန်၊ အသွင်ပြောင်းနိုင်ရန် သို့မဟုတ် ဆန့်ကျင်ဖက် အခြေအနေများကို အောင်မြင် ကျော်ဖြတ်နိုင်ရန် ကျွမ်းကျင်မှု၊ မဟာဗျူဟာ ရွေးချယ်မှုတို့ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၁၉၈၀ ခုနှစ်များတွင် ပိုလန်နိုင်ငံရှိ သွေးစည်းညီညွတ်ရေး လှုပ်ရှားမှု (Solidarity movement) တွင် လုပ်ငန်းဆောင်တာ အတွက် အစီအစဉ်ရေးဆွဲခြင်းကို ဥပမာကောင်းတခုအဖြစ် မြင်တွေ့ရပါသည်။ သူတို့၏ အားသာချက်များ နှင့် စွမ်းဆောင်နိုင်ရည်များကို နားလည်သဘောပေါက်ခြင်း၊ လုပ်သားများက ခွန်အားကောင်းသည့် နိုင်ငံရေးအရ လက်တွေ့ကျသည့် တောင်းဆိုချက်များဖြင့် သီးခြား လွတ်လပ်သည့် အလုပ်သမားသမဂ္ဂများအတွက် ပြောဆိုခြင်း၊ (သို့သော် မရရှိနိုင်သေးသည့် ကွန်မြူနစ် အုပ်ချုပ်ရေးစနစ် နိဂုံးချုပ်စေရေးကို နောက်ပိုင်းအထိ မတောင်းဆိုရန် ထိန်းသိမ်းထားခဲ့ကြသည်)၊ သူတို့၏ ဆန့်ကျင်ဖက်အင်အားစုများ စီးပွားရေးအရ အထိနာနိုင်သည့် အချက်များ၊ တရားဝင်မှု မရှိခြင်းအပေါ် မတူခြားနားသည့် အလုပ်သမားများက စည်းရုံးခြင်း၊ သွေးစည်းညီညွတ်ခြင်းဖြင့် အင်အားကို စုစည်းထားခြင်း၊ သူတို့၏ လုပ်ငန်းခွင်များကို သိမ်းပိုက်ခြင်းဖြင့် နည်းပရိယာယ်အရ ထိရောက်သော သပိတ်များဆင်နွှဲရန် ရွေးချယ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ (လုပ်ငန်းခွင်ပြင်ပသို့ လမ်းလျှောက်ချီတက်၍ ဆန္ဒပြမည့်အစား ဤသို့ဆောင်ရွက်ခြင်း ဖြစ်သည်။ ဤသို့ လမ်းလျှောက်ချီတက်မှုမျိုး အစောပိုင်းနှစ်များတွင် ဆောင်ရွက်ခဲ့ကြသော်လည်း သူတို့အပေါ် ဖိနှိပ်မှုကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်စေမည်ကို ရှောင်လွှဲလိုကြသည်။) ဤအချက်ကို လုပ်သားများက အခြားရွေးချယ်စရာ အဖွဲ့အစည်းစနစ် (အင်စတီကျူရှင်း) များ၊ အထူးသဖြင့် ပုံနှိပ်စက်များနှင့် သီးခြား လွတ်လပ်သည့် စာစောင်များ စသည်တို့ကို မှီခိုအားထားခြင်းအားဖြင့် အားဖြည့်ပေးကြသည်။ ယင်းတို့ကို ယခင်

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman
ကာလ ဆယ်စုနှစ်များအတွင်း ဖွံ့ဖြိုးစေခဲ့ပြီး၊ မြို့ကြီးများ တမြို့နှင့် တမြို့အကြား ဆက်သွယ်ရာတွင် အသုံးပြုကြသည်။ မဟာဗျူဟာ ဦးတည်ချက်၊ သင့်လျော်သည့် ပစ်မှတ်တခု၊ သင့်လျော်သော နည်းပရိယာယ်ကို ရွေးချယ်ခြင်းအားဖြင့်၊ (သိမ်းပိုက် ဆန္ဒပြမှု သပိတ်များနှင့် အခြားသော ရွေးချယ်စရာ အင်စတိကျူရှင်းများကို သုံးခြင်း) သူတို့၏ စွမ်းဆောင်နိုင်စွမ်း ဘောင်အတွင်းမှ သွေးစည်းညီညွတ်ရေးလှုပ်ရှားမှုသည် ပဋိပက္ခဝန်းကျင်ကို ထိရောက်စွာ လမ်းကြောင်း ထိန်းကျောင်းနိုင်ခဲ့သည်။ ဆန့်ကျင်ဖက် အခြေအနေများကို ကျော်လွှားနိုင်ကာ၊ သူတို့၏ အန္တိမပန်းတိုင်ဖြစ်သော ဒီမိုကရက် တစ် ပိုလန်နိုင်ငံအဖြစ်သို့ တိုးတက်စေခဲ့သည်။ ယင်းရည်ရွယ်ချက်ကို ၁၉၈၉ ခုနှစ်တွင် ပြည့်မြောက်ရရှိနိုင်ခဲ့သည်။[12]

၃။ အကြမ်းမဖက်သည့် စည်းမျဉ်း

အကြမ်းမဖက်သည့် စည်းမျဉ်းများကို ထိန်းသိမ်းထားခြင်း ဆိုသည်မှာ၊ လှုံ့ဆော်မှုများ ရှိနေသည့်တိုင် ခုခံရေးလှုပ်ရှားမှု ဆောင်ရွက်နေကြသူများက အကြမ်းမဖက်သည့်နည်းနာကို ဆက်လက်ကိုင်စွဲထားနိုင်သည့် စွမ်းရည်ဖြစ်သည်။ ယင်းသည် လူထုခုခံရေး လှုပ်ရှားမှု၏ လှုပ်ရှားမှုအပြောင်းအလဲများတွင် အဓိကအချက် ဖြစ်သည်။ အကြမ်းမဖက်သော စည်းမျဉ်းများဖြင့် လှုပ်ရှားမှုက လူထုများ ပါဝင်ဆောင်ရွက်မှုကို ချဲ့ထွင်မြင့်မားစေနိုင်သည်။ ဆန့်ကျင်ဖက် အင်အားစုများက ဖိနှိပ်လာပါက ပေးဆပ်ရသည့် တန်ဖိုးကို မြင့်မားစေပြီး၊ ဖိနှိပ်မှုများကြောင့် မရည်ရွယ်ထားသည့် နောက်ပြန်ဆိုးကျိုး သက်ရောက်မှုများကို မြင့်မားစေသည်။ ဆန့်ကျင်ဖက် အင်အားစု၏ အဓိကကျသော ထောက်တိုင်များထံမှ ဖက်ပြောင်းမှု ဖြစ်ပေါ်လာစေရန် ပို၍ဖြစ်တန်ခြေ များပါသည်။ ချီနိုဝက်သ် (Chenoweth) နှင့် စတီဖန် (Stephan) တို့၏ သုတေသန ဖော်ပြချက်များအရ ဤအချက်သည် အကြမ်းဖက်လှုပ်ရှားမှုများနှင့် လူထုခုခံရေး ကမ်ပိန်း လှုပ်ရှားမှုများအကြား အောင်မြင်မှုနှုန်း ဖြစ်ပေါ်လာစေရန် အကျိုးကျေးဇူးများအတွက် သိသာစွာ ထောက်ပံ့မှု ဖြစ်စေပါသည်။ [13]

အကြမ်းမဖက်သည့် စည်းမျဉ်းများကို ထိန်းသိမ်းထားနိုင်ရေးအတွက် လူထုခုခံရေး လှုပ်ရှားမှုသည် ပဋိပက္ခအတွက် အထိရောက်ဆုံးနည်းနာအဖြစ် ဆောင်ရွက်စီမံရန် ယုံကြည်မှု ရှိနေခြင်း ဖြစ်ပါသည်။ လူထုခုခံရေး လှုပ်ရှားမှု မည်သို့မည်ပုံ အလုပ်ဖြစ်မည်ဆိုသည့် သတင်းအချက်အလက်များ နှင့် သမိုင်းကြောင်းဆိုင်ရာ အချက်များက ဤအချက်အတွက် အထောက်အကူ ဖြစ်ပါသည်။ အချိန်ရလာသည်နှင့်အမျှ အောင်ပွဲငယ်များ ရရှိလာမှုမှသည် လူထုခုခံရေး လှုပ်ရှားမှု မည်သို့မည်ပုံ အလုပ်ဖြစ်ကြောင်း ပြသနိုင်၍ ထိရောက်သည့် မဟာဗျူဟာတရပ်ကို တည်ဆောက်နိုင်ကြမည် ဖြစ်သည်။ လှုပ်ရှားမှုများ အနေဖြင့် အကြမ်းမဖက်သည့် စည်းမျဉ်းများကို ထိန်းသိမ်းထားနိုင်ရေးအတွက် ယင်းကို စည်းကြပ်နိုင်သည့် ယဉ်ကျေးမှု နှင့် တန်ဖိုးထားမှုများ တည်ဆောက်ထားရပါမည်။ ဥပမာအားဖြင့်- ဆာဘီးယားနိုင်ငံကို ဆလိုဗိုဒန် မီလိုဆိုဗစ်ကို ဖြုတ်ချဖယ်ရှားနိုင်ခဲ့သည့် အော့ပို (Otpor) လှုပ်ရှားမှုက အဖွဲ့ဝင်အသစ်များကို စနစ်တကျသင်တန်းပေး၍ လူထုခုခံရေးလှုပ်ရှားမှု မည်သို့မည်ပုံ အလုပ်လုပ်ကိုင်

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

သည်၊ မည်သည့်အတွက်ကြောင့် အကြမ်းမဖက်ဘဲ ဆက်လက် လုပ်ဆောင်ရန် အရေးကြီးသည်ကို နားလည် သဘောပေါက်ထားစေသည်။

ယင်းသို့သော ကြိုးပမ်းဆောင်ရွက်မှုများတွင် လှုပ်ရှားမှုအနေဖြင့် မည်သည့်အတွက်ကြောင့် အကြမ်းမဖက်ဘဲ ဆက်လက်ရှိနေရန် ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆွေးနွေးဖော်ပြချက်များ မလိုအပ်ပါ။ သို့သော် လူအများက တဦးနှင့်တဦး အကြမ်းမဖက်သည့် စည်းမျဉ်းများ၏ အကျိုးကျေးဇူးများကို အပြန်အလှန် စည်းကြပ် ထိန်းသိမ်းထားကြရပါမည်။ ထို့အပြင် အချို့ဖြစ်ရပ်များကိုလည်း အမှတ်ရနေကြရပါမည်။ (မကြာသေးမီက ဆီးရီးယားတွင် ဖြစ်ပျက်ခဲ့သည့် ဝမ်းနည်းဖွယ် အဖြစ်အပျက်မျိုး ဥပမာတွင်) သည်းညည်းမခံနိုင်မှု သို့မဟုတ် လူထုခုခံရေး လှုပ်ရှားမှုအပေါ်တွင် ယုံကြည်မှု မရှိကြခြင်းကြောင့် အကြမ်းဖက်မှု နည်းပရိယာယ်သို့ ပြောင်းလဲကုန်ကြသည်။ ကြိုတင်ခန့်မှန်းနိုင်သည့်အတိုင်း ဆိုးရွားသည့် နောက်ဆက်တွဲ အကျိုးဆက်များ ဖြစ်ပေါ်လာခဲ့ပါသည်။

၄။ လူထု ခုခံမှု လှုပ်ရှားမှုတွင် အရပ်သားများ ပါဝင်မှု မြင့်မားလာခြင်း

လူထု ခုခံမှု လှုပ်ရှားမှုတွင် အရပ်သားများ ပါဝင်မှု မြင့်မားလာခြင်းသည် လှုပ်ရှားမှု အောင်မြင်မှု ရရှိရန် အတွက် တခုတည်းသော အကြီးမားဆုံး နိမိတ်ဖတ် ခန့်မှန်းနိုင်သည့် အချက်ဖြစ်ပါသည်။[14] ဤအချက်ကြောင့် လူအများက အာဏာရှင်အတွက် သူတို့၏ ဆန္ဒပြုထောက်ခံမှု၊ နာခံမှုကို ပြန်၍ ရုပ်သိမ်းခဲ့ကြခြင်းကြောင့်၊ အာဏာရှင်များ အင်အားချိနဲ့လာကာ၊ ဆက်လက်ထိန်းချုပ်ထားနိုင်ရေး အတွက် သူတို့က ပို၍တန်ဖိုးကြီးကြီး ပေးဆပ်ရတော့မည်ဟူသော အချက်မှာ ကျိုးကြောင့် ဆီလျော်ပါသည်။ ထိုမျှမက ပြည်သူလူထုများ ပို၍ ပါဝင်မှုရှိလာခြင်းကြောင့် ဖိနှိပ်ပြုမှုများ ပြုလာလျှင် မရည်ရွယ်ထားသည့် နောက်ပြန်ဆိုးကျိုး သက်ရောက်မှုများ ဖြစ်လာစေမည်ဟု မိမိတို့ ယုံကြည်ပါသည်။ အရေအတွက်သဘော အထောက်အထားများက ဖော်ပြရာတွင် မြင့်မားသော လူထုပါဝင်ဆောင်ရွက်မှုများကြောင့် ဆန့်ကျင် ဖက်အင်အားစုအပေါ် ထောက်ခံသူများထံမှ ဖက်ပြောင်းမှုများ လည်း ပို၍ ဖြစ်ပေါ်လာဖွယ် ရှိပါသည်။[15]

အရပ်သားများ ပါဝင်မှု မြင့်မားခြင်းကို ပုံဖော်ပြမည်ဆိုလျှင် ၂၀၁၁ ခုနှစ် အီဂျစ်နှင့် တူနီးရှား တော်လှန်ရေးများကို ဖော်ပြနိုင်ပြီး၊ မတူခြားနားသည့် ပြည်သူ လူဦးရေအုပ်စုအသီးသီးမှ ထောက်ခံမှု ရရှိရန် လှုံ့ဆော်စည်းရုံးနိုင်ခဲ့သည်။ ယောက်ျား၊ မိန်းမ၊ ဘာသာရေး နှင့် ဘာသာရေးမနွယ်သော နိုင်ငံရေးအုပ်စုများ၊ လူငယ်၊ လူလတ်၊ အသက်ကြီးသူများ အခြေခံ နှင့် လူလတ်တန်းစား အလုပ်သမားများ၊ မြို့ပြနှင့် ကျေးလက်လူထုများ ပါဝင်ခဲ့ကြသည်။ နှိုင်းယှဉ်ချက်အရ ဆိုလျှင် တရုတ်နိုင်ငံမှ ၁၉၈၉ ခုနှစ် ကျောင်းသားလှုပ်ရှားမှု နှင့် ၂၀၀၉ ခုနှစ် အမြဲစိမ်း လှုပ်ရှားမှု (Green Movement) တို့ က လူသန်းပေါင်းများစွာကို စည်းရုံးလှုံ့ဆော်နိုင်ပြီး၊ သတင်းစာများ၏ ခေါင်းကြီးသတင်းများကို ဆွဲယူငင်ထားနိုင်ခဲ့သည်။ သို့သော် ယင်းလှုပ်ရှားမှု နှစ်ခုလုံးက ဖော်ပြထားသည့် ဦးတည်ချက်များကို တစိတ်

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

ပိုင်းသော်မှ မရရှိခဲ့ကြပါ။ အကြောင်းမှာ ယင်းလှုပ်ရှားမှုနှစ်ခုတွင် သူတို့၏အခြေခံထု လူဦးရေ ပြင်ပတွင်၊ အခြား အရပ်သားများ၏ အကျယ်အပြန့် ပါဝင်ဆောင်ရွက်မှုကို မဆွဲဆောင်နိုင်သောကြောင့် ဖြစ်သည်။

လူထု ခုခံရေး လှုပ်ရှားမှုတွင် အရပ်သားများ ပါဝင်မှု မြင့်မားစွာ ရရှိခြင်းသည် စစ်ဆေးကြည့်ရန်စရင်း သုံးခု အနက်မှ ပထမ ဦးဆုံးသော အကျိုးသက်ရောက်မှုပင် ဖြစ်သည်။ တစုတစည်းတည်း ညီညွတ်သော မြော်မြင်ချက် ရှိခြင်းကြောင့် စည်းလုံးညီညွတ်မှုကို ထောက်ကူပြုပေးနိုင်ပြီး၊ လူအများကို စည်းရုံးလှုံ့ဆော်နိုင်သည်။ လုပ်ငန်းဆောင်တာများအတွက် အစီအစဉ် ရေးဆွဲခြင်းသည် ယုံကြည်မှု မြင့်မားလာစေရန် သွပ်သွင်းပေးနိုင်ပြီး၊ အန္တရာယ်နှင့် ပတ်သက်၍ လူများ၏ မတူခြားနားသော သည်းခံနိုင်စွမ်းကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အထွေထွေသော နည်းပရိယာယ်များကို ရှာဖွေနိုင်စေပါသည်။ လှုပ်ရှားမှုအတွက် အချိန်ပေးနိုင်ရန် နှင့် စွန့်လွှတ်အနစ်နာခံနိုင်သည့် စွမ်းရည်ကိုလည်း ဖြစ်ပေါ်စေသည်။ ထိရောက်သည့် မဟာဗျူဟာတခု ရှိခြင်းဖြင့် ဆင်းရဲသည့်၊ ချမ်းသာကြွယ်ဝသည့်၊ ငယ်ရွယ်သည့်၊ အသက်အရွယ် ကြီးမားသည့် လူများနှင့် ၎င်းတို့အကြားရှိ လူတဦးချင်းအတွက်၊ ငယ်ရွယ်သည့် ကြီးမားသည့် လူအုပ်စုများအတွက် လှုပ်ရှားမှုကို ထောက်ခံပံ့ပိုးရန် နည်းလမ်းရွေးချယ်မှုများ ပေးပါသည်။ အကြမ်းမဖက်သည့် စည်းမျဉ်းများကြောင့် လူတိုင်းပါဝင် ဆောင်ရွက်နိုင်စေရန် သေချာဖြစ်စေပါသည်။ (ဆန့်ကျင်ဖက်အနေဖြင့်ဆိုလျှင် ကိုယ်ကာယအားကောင်းသည့် သူများသာလျှင် လက်နက်ကိုင် တော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်ရန် လုပ်ဆောင်နိုင်ကြပါမည်။) အကြမ်းမဖက်သည့် နည်းလမ်းများသည် လူမှုအဖွဲ့အစည်း၏ ကဏ္ဍအလွှာပေါင်းစုံမှ လူများအတွက် ပို၍ ဆွဲဆောင်မှု ဖြစ်စေနိုင်ပါသည်။

၅။ ဖိနှိပ်မှုများ၏ သက်ရောက်ထိခိုက်မှု လျှော့နည်းလာခြင်း နှင့် မရည်ရွယ်သည့် ဆိုးကျိုးအပျက်များလာခြင်း

အာဏာရှင်များ၏ ခွန်အားအကောင်းဆုံးသော လက်နက်ကရိယာများအနက်မှ တခုမှာ ဖိနှိပ်မှု ဆောင်ရွက်ရန် စွမ်းရည်ရှိခြင်းပင် ဖြစ်သည်။ ထိရောက်သည့် လှုပ်ရှားမှုများက ဖိနှိပ်မှု၏ သက်ရောက် ထိခိုက်မှု လျှော့နည်းစေရန် သင်ခန်းစာယူ လေ့လာနိုင်ပြီး၊ ဖိနှိပ်မည်ဆိုပါက ပေးဆပ်ရမည့် တန်ဖိုး ကြီးစေပါသည်။ သူတို့လုပ်ဆောင်လေ့ရှိသည့် နည်းလမ်းတခုမှာ တိကျသည့် အန္တရာယ် အကဲဖြတ်မှုမှတဆင့် နည်းပရိယာယ် ရွေးချယ်မှု ပြုကြခြင်း ဖြစ်သည်။ အကြောင်းမှာ ဖိနှိပ်မှုနှင့် ပတ်သက်၍ နည်းပရိယာယ်ကြောင့် ဘေးအန္တရာယ်များ တန်းတူ ရှိမနေကြပါ။ လူစုလူဝေးဖြင့် ဆန္ဒပြမှုများက ဖိနှိပ်မှု နှင့် ရင်ဆိုင်နေရစဉ် ကဲ့သို့သော အခြေအနေတွင် ဗဟိုချုပ်ကိုင်သည့် လှုပ်ရှားမှုများ လိုအပ်သော်လည်း၊ စားသုံးသူ ဆန္ဒပြမှု၊ အိမ်တွင်နေ၍ ဆန္ဒပြခြင်း၊ ကျောင်းများမှ နေမကောင်းခွင့်တောင်းခြင်း၊ သို့မဟုတ် လူထုအများ၏ နေရာများတွင် လူအမည်မခံဘဲ အထိမ်းအမှတ် ပြသခြင်း စသည့် နည်းပရိယာယ်များတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့် နည်းပရိယာယ်များ လိုအပ်ပါသည်။

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

သို့ဖြစ်ရာ အာဏာရှင်အစိုးရအနေဖြင့် ဖိနှိပ်ရန်အတွက် ပို၍ ခက်ခဲ စိန်ခေါ်မှု ရှိပါသည်။ ဤသည်မှာ အချို့သော နည်းပရိယာယ်များတွင် လူအများပါဝင်ခြင်းမှာ (ဥပမာ- စားသုံးသူ သပိတ်များ) မထင်ရှားလှဘဲ၊ (ဆိုလိုသည်မှာ သင်က လူတဦးအနေဖြင့် ကုန်ပစ္စည်းတခုကို အမှန်တကယ် သပိတ်မှောက်-မမှောက် ကြည့်ရုံဖြင့် မပြော နိုင်ကြပါ)။ သို့မဟုတ် ကျူးလွန်ဆောင်ရွက်သူများမှာ ပြန့်ကျဲနေပြီး၊ ငြင်းဆိုနိုင်ခွင့် ရှိသောကြောင့်လည်း ဖြစ်သည်။ (ဥပမာ- အိမ်မှာနေ၍ သပိတ်မှောက်ခြင်းကြောင့် ရဲများက အလုပ်သမားတိုင်း၏ အိမ်သို့ လာရောက်ရန် လိုအပ်ပြီး၊ ဖျားနာခွင့် ယူကြသည့် ပါဝင်ဆောင်ရွက်သူများက သူတို့ ထိုနေ့က အမှန်တကယ် ဖျားနေကြောင်း ဖြေရှင်းနိုင်ကြပါသည်။)

၁၉၈၃ ခုနှစ်၊ ချီလီနိုင်ငံတွင် နိုင်ငံရေးအတိုက်အခံများက ဩဂက်စတို ပီနိုရှေး၏ အာဏာရှင်စနစ်ကို ဆန့်ကျင်ခဲ့ကြရာ သူ၏ ဖိနှိပ်မှုများကို ကျော်လွှားနိုင်ရန် နည်းလမ်းရှာခဲ့ကြရသည်။ လူများ အစုအပြုံ အလိုက် ဖမ်းဆီးခံရခြင်း၊ သတ်ဖြတ် ခံရခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခံရခြင်း၊ ပျောက်ဆုံးရခြင်း ရှိခဲ့သည့် ဆယ်စုနှစ်အတွင်းတွင် လူအများ စုစည်းရန် ကြောက်ရွံ့ခဲ့ကြသည်။ တနည်း အတူတကွ စည်းရုံး လှုပ်ရှားမှုအတွက် စိုးရိမ်နေခဲ့ကြသည်။ ဧပြီလတွင် ကြေးနီမိုင်း အလုပ်သမားများက ဆန်တီယေဂိုမြို့ အပြင်တွင် သပိတ်တခုမှောက်ခဲ့ကြပြီး၊ ပီနိုရှေးက သူ၏တပ်များ စေလွှတ်၍ သွေးထွက်သံယို နှိမ်နင်းမည်ဟု ခြိမ်းခြောက်ခဲ့သည်။ သပိတ်မစတင်မီ သတ္တုတွင်းသို့ တပ်များလွှတ်၍ ဝိုင်းရံစေခဲ့သည်။ ဤသို့ ဖိနှိပ်မှု ရင်ဆိုင်ရစဉ်တွင် အလုပ်သမား ခေါင်းဆောင်များက သပိတ်မှောက်မည်ကို ဖျက်သိမ်း၍ တနိုင်ငံလုံး သပိတ်မှောက်ရန် ရက်တရက်ကို ကြေညာခဲ့ကြသည်။ ယင်းနေ့တွင် လူတိုင်းက အာဏာရှင်အစိုးရကို ဆန္ဒပြ၍ နှေးကွေးစွာ အလုပ်လုပ်ကြရန်၊ နှေးကွေးရန် လမ်းလျှောက်ကြရန် နှင့် ည ၈ နာရီတွင် အိုးခွက်များ ရိုက်ခတ်တီးကြရန် ဖြစ်သည်။[16] ဤလှုပ်ရှား မှုများတွင် ထင်မှတ်မထားဘဲ၊ လူများက ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်လာကြသည်။ ဤသို့ဖြင့် လနှင့်ချီ၍ သပိတ်မှောက်မှု ဖြစ်ပေါ်လာခဲ့သည်။ ဤလှုပ်ရှားမှုသည် ကြောက်ရွံ့နေမှု အလွှာကို ပထမဦးဆုံး ဖြိုခွဲသည့်အဆင့် ဖြစ်စေခဲ့သည်။ အာဏာရှင် ပီနိုရှေး၏ အုပ်ချုပ်မှုအတွက် အခြေခံဖြစ်နေစေသည့် လူများတဦးချင်း ပြိုကွဲနေသည့် အခြေအနေကို ပြန်၍ ပြောင်းပြန်လှန်နိုင်ခဲ့သည်။ ဤလုပ်ဆောင်မှုများသည် ပါဝင်ဆောင်ရွက်ကြသည့် လူများအတွက် လက်ခံနိုင်လောက်သည့် အန္တရာယ် အတိုင်းအတာရှိပြီး၊ တာဝန်ယူစရာ လည်း မလိုအပ်ပေ။ ပီနိုရှေး၏ လုံခြုံရေးတပ်ဖွဲ့များက ဤသို့ အကျယ်အပြန့်ဖြစ်ပေါ်လာသည့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသော နည်းပရိယာယ်များအတွက် အဖြေရှာ မတွေ့ခဲ့ကြပါ။

ဖိနှိပ်မှုကြောင့် ထိခိုက်သက်ရောက်မှုကို လျှော့ကျစေခြင်း၊ သို့မဟုတ် တန်ဖိုးကြီးကြီး ပေးရစေခြင်း၊ မရည်ရွယ်ထားသည့် ဆိုးကျိုးတန်ပြန် သက်ရောက်စေခြင်း၏ အခြားသော ရှုထောင့်များတွင် အချို့သော နစ်နာခံစားရမှုများကို နိုင်ငံရေး စကားလုံးများအရ မဟုတ်ဘဲ ဖော်ပြပြောဆိုခြင်းများလည်း ပါဝင်သည်။ (ဆန္ဒပြသူများက အာဏာရှင်အစိုးရ ကျဆုံးရေးအစား၊ သန့်ရှင်းသော သောက်သုံးရေ၊ လုံခြုံသော ရပ်ကွက် အိမ်နီးနားချင်းများ ဖြစ်စေခြင်း စသည်တို့ကို တောင်းဆိုခြင်းမျိုး ဖြစ်သည်။)

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

ခေါင်းဆောင်မှုအတွက် ဆက်ခံရေးဆိုင်ရာ ရှင်းလင်းတိကျသော လမ်းကြောင်း တည်ဆောက်ထားခြင်း နှင့် လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေကြသူများ နှင့် ပြည်တွင်း/ နိုင်ငံတကာ အုပ်စုများ အကြား လူမှုရေးအရ ကွာခြားထားစေခြင်းလည်း လိုအပ်သည်။ သို့မှသာ လှုပ်ရှားမှုကို ဖိနှိပ်လာမည် ဆိုပါက မရည်ရွယ်ထားသည့် ဆိုးကျိုး တန်ပြန်သက်ရောက်မှုများ ဖြစ်စေပါလိမ့်မည်။ ဥပမာအားဖြင့်- အီဂျစ် လူမျိုး ဘလော့ဂါ ခါလက် ဆာအိဒ် (Khaled Said) ကို ၂၀၁၀ ခုနှစ်တွင် အင်တာနက်ကဖီးတခုမှ ဆွဲထုတ်ပြီး၊ လာဘ်စားမှုကို ဖော်ထုတ်ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့များက သေသည်အထိ ရိုက်နှက်ခဲ့ကြသည်။ အတိုက်အခံတို့၏ ဖေ့ဘုတ်စာမျက်နှာ အုပ်စုတွင် “မိမိတို့အားလုံးသည် ခါလက် ဆာအိဒ် ဖြစ်သည်” ဟု ဆာအိဒ်၏ ဘဝတန်ဖိုးကို တန်ဖိုးချနိုင်ရန် အီဂျစ်အစိုးရ၏ ကြိုးပမ်းချက်ကို တုံ့ပြန်ခဲ့ ကြသည်။ သူတို့ အတူတကွရှိနေခြင်းအားဖြင့်၊ အီဂျစ်လူထုများ၏ နေ့စဉ်ဘဝသည် ဆာအိဒ် နှင့် အတူတကွ ရှိနေကြကြောင်း ရှင်းလင်းစေခဲ့သည်။ ဤသို့ဖြစ်ရာ ဖိနှိပ်မှုအတွက် ဆိုးကျိုး တန်ပြန် သက်ရောက်စေခဲ့သည်။

၆။ လှုပ်ရှားမှု၏ ဆန့်ကျင်ဖက် အင်အားစုထံမှ ဖက်ကူးပြောင်းမှု များလာခြင်း

လူထု ခုခံရေး လှုပ်ရှားမှု အချိန်ရလာသည်နှင့်အမျှ တိုးတက်လာရာ များသောအားဖြင့် သစ္စာခံမှု ရွှေ့ပြောင်းခြင်း ဖြစ်ပေါ်လာစေပါသည်။ ဆန့်ကျင်ဖက် အင်အားစုများအပေါ် တက်ကြွစွာ နှင့် မသိ ဘာသာ ထောက်ခံနေကြသူများလည်း ဖက်ပြောင်းခြင်း ဖြစ်ပေါ်လာစေပါသည်။ ဥပမာအားဖြင့်- အစိုးရအတွင်းရှိ ပြုပြင်ပြောင်းလဲရေး လိုလားသူများနှင့် သဘောထား တင်းမာသူများ အပြန်အလှန် ထိန်းချုပ်နိုင်ရေးအတွက် လူသိရှင်ကြား ရုန်းကန်မှုများ စတင်ဖြစ်ပေါ်လာစေပါသည်။ စီးပွားရေးအရ အကျိုးစီးပွားများကြောင့်လည်း နိုင်ငံအစိုးရက လှုပ်ရှားမှု၏ တောင်းဆိုမှုများကို လိုက်လျော နားထောင် လာစေရန် ဖိအားများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ သို့မှသာ စီးပွားရေးလုပ်ငန်းများ ပြန်၍ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ စစ်သားများ၊ ရဲများ၊ ဗျူရိုကရက်များ နှင့် အခြားသူများ စသည့်၊ အာဏာရှင်အစိုးရ လည်ပတ်ရေးဆောင်ရွက် ပေးနေကြသူများ စတင်၍ သစ္စာခံမှု ပြောင်းလဲခြင်း ဖြစ်စေနိုင်ပါသည်။ လှုပ်ရှားမှု၏ တောင်းဆိုမှုများအပေါ် သူတို့ ကိုယ်တိုင်ကိုယ်ကျ လက်ခံနားဝင်လာ ခြင်း ဖြစ်နိုင်သကဲ့သို့၊ အာဏာရှင် အစိုးရအပေါ် ရွံ့မုန်းခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် သူတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများက လူထုခုခံရေးလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားလာသော ကြောင့်လည်း ဖြစ်နိုင်ပါသည်။ အာဏာရှင်အစိုးရကို လိုလားကြသည့် ရေပေါ်ဆီ ထိပ်သီးများ ပင်လျှင် ရေရှည်တည်တံ့နိုင်မှုနှင့် ပတ်သက်၍ စတင်၍ သံသယဝင်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သို့မဟုတ် အကယ်၍ လူထုခုခံရေးလှုပ်ရှားမှု အောင်မြင်ခဲ့ပါက၊ မှားယွင်းသည့်ဖက်တွင် သူတို့ မရပ်တည်မိစေ ရေး အတွက် ကြားနေခြင်း၊ စွန့်စားမှု မပြုဘဲနေခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။

၂၀၀၄ ခုနှစ် ယူကရိန်းနိုင်ငံ၏ လိမ္မော်ရောင်တော်လှန်ရေးတွင် အတိုက်အခံများက ရည်ရွယ်ချက်ရှိရှိ လုံခြုံရေးတပ်ဖွဲ့များနှင့် ဆက်သွယ်နိုင်ရန် လမ်းကြောင်းများ ရှာဖွေခဲ့ကြသည်။ အငြိမ်းစားယူထား

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman
သည့် စစ်တပ်အရာရှိဟောင်းများကို အားကိုး၍ ကြားခံအဖြစ် ဆက်သွယ်ခဲ့ကြသည်။[17] အချိန်ရလာသည်နှင့် အမျှ၊ အတိုက်အခံများက သူတို့၏လှုပ်ရှားမှု သည် အကြမ်းမဖက်ကြောင်း နှင့် ကျိုးကြောင်းဆီလျော်ကြောင်း သက်သေပြလာနိုင်သည့်အခါ အများပြည်သူ ကောင်းကျိုးအတွက် လုံခြုံရေးတပ်ဖွဲ့များက ဝန်ဆောင်ပေးရန် နှင့် ကာကွယ်ပေးရန် တောင်းဆိုနိုင်ခဲ့ကြသည်။ ညီအစ်ကိုသဖွယ် ဆက်ဆံရေးမျိုး၊ ကြွေးကြော်သံများ၊ လှုပ်ရှားမှုများဖြင့် လူမှုရေးအရ ခပ်ခွာခွာနေရင်း တံတားထိုး ဆက်သွယ်ထားနိုင်သည်။ (လုံထိန်းရဲများသို့ နှင်းဆီပန်းပေးခြင်းမျိုး ဖြစ်သည်။) အာဏာရှင်အစိုးရ၏ အကျင့်ပျက် လာဘ်စားမှုများကို ဖော်ထုတ်ဖွင့်ချခြင်းနှင့် နောက်ဆုံး လုံခြုံရေးတပ်ဖွဲ့များအကြား သစ္စာခံမှု အပြောင်းအလဲဖြစ်စေရန် လှုံ့ဆော်အစပျိုး နိုင်ခဲ့သည်။ ယူကရိန်းစစ်သားနှင့် ရဲအများကို ဖိနှိပ်ရန်ခိုင်းသည့်အခါ အလွယ်ကူဆုံး ကြားနေခဲ့ကြပါသည်။ အလားတူပင် မီလိုဆိုဗစ် အုပ်ချုပ်မှုအောက်ရှိ ဆာဗီးယားတွင်လည်း ဖြစ်ခဲ့သည်။ ပြောင် ဖက်ကူးပြောင်းမှု မပြုခဲ့ဘဲ၊ လုံခြုံရေးတပ်ဖွဲ့များက အာဏာရှင်အစိုးရ၏ အမိန့်များကို တက်ကြွစိတ်အားထက်သန်စွာ လိုက်နာခြင်း မပြုဘဲ ရပ်ဆိုင်းခဲ့ကြသည်။ အော့ပို လှုပ်ရှားမှု (Otpor movement) အောက်တိုဘာလ ၅ ရက်နေ့တွင် အထွဋ်အထိပ်ရောက်သည့်အခါ ဘဲဂရိတ်မြို့ရှိ လူစုလူဝေးကို ဖြိုခွဲရန် ရဟတ်ယာဉ်ပေါ်မှာ ဓာတုဆေးများ ဖြန့်ကျဲရန်အတွက်  တာဝန်ရှိသူ ရဲအရာရှိများက လုပ်ဆောင်ရန် ငြင်းပယ်ခဲ့ကြသည်။ နေသာနေသည့်တိုင်၊ ရာသီဥတု မရှင်းလင်းသောကြောင့် လူစုလူဝေးကို ရှင်းလင်းစွာ မမြင်နိုင်ဟု အကြောင်းပြ ပြောဆိုခဲ့ကြသည်။ သူက နောက်ပိုင်းတွင် မှတ်ချက်ပေးရာတွင် ထိုနေ့က သူ၏ မိသားစုဝင်များလည်း ဆန္ဒပြသူလူအုပ်ကြားတွင် ရှိနေနိုင်သောကြောင့်၊ အမိန့်များကိုနာခံ မလုပ်ဆောင်နိုင်ဟု သူခံစားရကြောင်း ပြောဆိုခဲ့သည်။[18]

တိုက်တွန်းနားချမှုကြောင့် ဖြစ်စေ၊ သို့မဟုတ် ကိုယ်ကျိုးစီးပွားကြောင့်ဖြစ်စေ ဤသို့ ဖက်ကူးပြောင်းလာမှုများသည် များသောအားဖြင့် လူထုခုခံရေး လှုပ်ရှားမှုများ၏ ရေရှည်လုပ်ငန်းစဉ်ကြောင့် ရလဒ်ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ယခင် ဖော်ပြထားသည့် စစ်ဆေးကြည့်ရန်အချက်များ လားရာ နှစ်ခုအတိုင်း၊ ဤသို့လားရာသည်လည်း လှုပ်ရှားမှု၏ ညီညွတ်မှု၊ အစီအစဉ် ရှိမှု နှင့် အကြမ်းမဖက်သည့် စည်းမျဉ်းများ ပုံဖော်နိုင်ခြင်းကြောင့် ပေါ်ထွက်လာရခြင်း ဖြစ်သည်။ အချက်အလက် ဒေတာများအရ စုံလင်ထွေပြားသော လူထုပါဝင်မှု မြင့်မားခြင်းသည် ဖက်ကူးပြောင်းမှု အခွင့်အလမ်း များပြားလာစေခြင်း နှင့် အပြန်အလှန်ဆက်စပ်မှု ရှိပါသည်။ လှုပ်ရှားမှု၏ ညီညွတ်မှု၊ အစီအစဉ်ရှိမှု နှင့် အကြမ်းမဖက်သည့် စည်းမျဉ်းများ ရှိခြင်းသည် ကျယ်ပြန့်၍ စုံလင်ထွေပြားသော လူထုပါဝင်မှုအတွက် အထောက်အကူ ဖြစ်စေပါသည်။ အထူးသဖြင့် အကြမ်းမဖက်သည့်စည်းမျဉ်းများသည် ဖက်ကူးပြောင်းမှုများအတွက် ဆွဲဆောင်တိုက်တွန်းရန် အရေးကြီးပါသည်။ လှုပ်ရှားမှုက အကြမ်းမဖက်နည်း ကိုင်စွဲထားသမျှ ကာလပတ်လုံး၊ အကြမ်းဖက် ဆူပူအုံကြွမှုသို့ ကူးပြောင်းရန် ရှောင်လွှဲနိုင်သမျှ ကာလပတ်လုံး (၂၀၁၁ ခုနှစ် ဆီးရီးယားနိုင်ငံတွင်မူ ဝမ်းနည်းဖွယ်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ရပါသည်) လှုပ်ရှားမှုက နောက်တရက် ဆက်၍ အသက်ရှင် တိုက်ပွဲဝင်နိုင်ပါသည်။ ဖက်ကူးပြောင်းမှုများ ဖြစ်နိုင်စွမ်းအတွက်

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

တံခါးဖွင့်ထားပေးပါသည်။ အကယ်၍ အာဏာရှင်အစိုးရအတွင်း သစ္စာရှိမှု ပြောင်းလဲဖြစ်ပေါ်လာစေရန် ထားသော ပစ်မှတ်များသည် အကြမ်းဖက် ဆူပူအုံကြွမှုများကြောင့် ခြိမ်းခြောက်မှု မရှိနိုင်ဟု ဆိုပါက၊ ထိုသူများ ဖက်ကူးပြောင်းလာနိုင်သည့် ဖြစ်တန်ခြေသည် အာဏာရှင်အစိုးရ အာဏာဖွဲ့စည်းထားပုံ၏ ညီညွတ်အစေးကပ်ရေးအတွက်၊ ခြိမ်းခြောက်မှုတခု ဆက်၍ဖြစ်ပေါ်နေစေပါလိမ့်မည်။

## ပြင်ပ အင်အားစုများအတွက် သက်ရောက်မှု အကျိုးဆက်များ

ဤသို့ စစ်ဆေးကြည့်ရန် အချက်များသည် အတိုက်အခံများအတွက် အသုံးဝင်သည့် လမ်းညွှန်ဖြစ်ရုံသာမက၊ အခြားသော အင်အားစုများကလည်း အသုံးချနိုင်ကြပါသည်။ ဤပဋိပက္ခများနှင့် ပတ်သက်၍ သူတို့၏ စွမ်းဆောင်မှုကို တိုးတက်စေရန် ဆောင်ရွက်နိုင်ကြပါသည်။

ဥပမာအားဖြင့်- စစ်ဆေးကြည့်ရမည့် အချက်များအရ သတင်းထောက်များအနေဖြင့် လူထုခုခံရေး လှုပ်ရှားမှုအပေါ် ပို၍ ပါးနပ်အသိဉာဏ်ရှိစွာ ရေးသား ဖော်ပြနိုင်ပါသည်။ အကယ်၍ သတင်းထောက်များက ပဋိပက္ခတခု အတွင်းသို့ ထိုးဖောက်၍ အတွင်းကျကျ လေ့လာလိုပါလျှင် စစ်ဆေးကြည့်ရမည့် အချက်များသည် ၂၀၁၄ ခုနှစ် အစောပိုင်းကာလ ကီးယက်ဗ်မြို့တွင် လောင်ကျွမ်းနေသော မီးလောင်ဗုံးတခု၏ နေရာထက် ရှေ့ကိုကြို၍ ဖော်ပြနိုင်ပါသည်။ သူက အကြမ်းဖက်မှုများ ပို၍ဆိုးရွားလာသော်လည်း ယင်းသည် ပဋိပက္ခ၏ အဓိကမောင်းနှင်အားတခု မဟုတ်ကြောင်း မှန်းဆ ကြည့်နိုင်ပါသည်။ လှုပ်ရှားမှုတခု၏ ညီညွတ်မှု၊ အစီအစဉ် ရေးဆွဲချမှတ်မှု၊ အကြမ်းမဖက် စည်းမျဉ်းများ ကျိုးပျက်စေသည့် အကြောင်းအရင်းများ၊ အရပ်သားလူထုများ တိုး၍ ပါဝင်လာခြင်း၊ ဖိနှိပ်မှုကြောင့် သက်ရောက်မှုများ လှုပ်ရှားမှုအပေါ် လျော့နည်းလာခြင်း၊ ဖက်ကူးပြောင်းလာမှုများ မရှိသေးလျှင်နေပါစေ၊ လုံခြုံရေးတပ်ဖွဲ့များက အမိန့်များကို အပြည့်အဝ လိုက်နာနေခြင်း ရှိ-မရှိ စသည့်အခြေ အနေတို့ကို စုံစမ်းဖော်ထုတ်နိုင်ပါသည်။ အဆင့်မြင့်၍ အနှစ်အသား ရှိသည့် သုံးသပ်ချက်များ ပြုနိုင်ပါလိမ့်မည်။ ဤသို့ သိရှိနားလည်ထားမှုများအပြင် စီးပွားရေးအင်အားစုများထံမှ ထောက်ခံမှု ဆုံးရှုံးရခြင်းကြောင့်၊ ယခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ယူကရိန်းသမ္မတ ယာနူကိုဗစ်ချ် (Yanukovych) မည်သည့် အတွက်ကြောင့် ထွက်ပြေးရသည့်အကြောင်း ရှင်းလင်းလာစေပါမည်။ အဆိုးရွားဆုံး အာဏာရှင်အစိုးရတခု၏ အကြမ်းဖက်မှုများ ရည်ရွယ်မထားဘဲ တန်ပြန်ဆိုးကျိုး သက်ရောက်ရပြီးနောက်ပိုင်း နာရီပိုင်းအကြာတွင် ထွက်ပြေးခဲ့ရ ပါသည်။ အကယ်၍ လူတဦး၏ ဤသို့ ညွှန်းကိန်း ဖော်ပြချက်များကို ကြိုတင်သိမြင်ထားနိုင်ပါလျှင် ဖြစ်ပေါ်တိုးတက်မှုများကို ပို၍ နမိတ်ဖတ်တွက်ဆ နိုင်ပါလိမ့်မည်။

၂၀၁၁ ခုနှစ် ဒုတိယနှစ်ဝက်ပိုင်းတွင် မူဝါဒချမှတ်သူတဦးအဖြစ် စဉ်းစားမည်ဆိုပါက၊ ဤသို့ စစ်ဆေးကြည့်ရန် အချက်များသည် ဆီးရီးယားနိုင်ငံတွင် အာဆတ်ဒ်အစိုးရအပေါ် လူထုခုခံရေး လှုပ်ရှားမှုများက အောင်ပွဲခံဖို့ အခွင့်အလမ်း မြင့်မားနေသည်ကို ဖော်ပြနေပါသည်။ ဆက်လက်၍ သစ္စာခံမှု ရွှေ့

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman
ပြောင်းခြင်းများ ဖြစ်ပေါ်နေသည်။ (ဆွန်နီ စစ်သားများ သာမက) စစ်တပ်အတွင်းမှလည်း အာဏာရှင် အစိုးရထံမှ ဖယ်ခွာနေကြပြီး၊ အောင်ပွဲအတွက် အကောင်းဆုံး မျှော်လင့်ချက်အဖြစ် မြင်နိုင်ပါသည်။ စီးပွားရေး အင်အားစုများက ထောက်ခံမှု ရုပ်သိမ်းလိုက်ခြင်းသည်လည်း အခြားသော ညွှန်းကိန်းတခု ဖြစ်သည်။ ဤသို့သော အခြေအနေတွင် ၂၀၁၂ ခုနှစ် အစောပိုင်း၌ လွတ်လပ်သော ဆီးရီးယား တပ်မတော် (Free Syrian Army) ကို ကျန်ရှိနေသေးသည့် အာဆဒ်၏ အာလာဝိဒ် တပ်မတော် (Alawite military) ကို တိုက်ခိုက်ရန် တိုက်တွန်း တွန်းအားပေးခြင်းသည် ဆက်လက်ဖြစ်ပေါ်လာ မည့် ဝမ်းနည်းဖွယ် အဖြစ်အပျက်များကို ကြို၍ မမြင်နိုင်ဘူး ဆိုလျှင်သော်မှ မလိုလားအပ်သည့် ဆိုး ကျိုးပေါ်ထွက်လာနိုင်သည်ကို မြင်သင့်ကြပါသည်။

ဤသို့ စစ်ဆေးကြည့်ရန် အချက်များကို အထူးသဖြင့် ဒေသခံတို့၏ ပြည်သူ့အာဏာလှုပ်ရှားမှုများကို ပြင်ပမှ ထောက်ခံ ပံ့ပိုးမှုပေးသည့်ကိစ္စများ စီမံရာ၌ တန်ဖိုးထားချက်များအဖြစ်လည်း သုံးနိုင်ပါသေး သည်။ ဥပမာအားဖြင့်- စစ်ဆေးကြည့် ရန် အချက်များအနက် ပထမစွမ်းရည် သုံးချက်မှာ ကျွမ်းကျင်မှု အခြေခံ ဖြစ်ပြီး၊ ရှင်သန်လှုပ်ရှားနေသည့် သတင်းဖလှယ်မှုများမှတဆင့် အားဖြည့်ပေးနိုင်ပါသည်။ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၁၉ တွင် အာဏာရှင် မင်းဆိုးမင်းညစ်များသည် သတင်း စီး ဆင်းမှုကို နယ်စပ်ဖြတ်ကျော်မသွားရဟူ၍ ကန့်သတ်ခွင့် မရှိပါ။ အတိုက်အခံများထံသို့ သတင်းများ ပြန်၍ ပို့ဆောင်ပေးကြသည့် နိုင်ငံသားများကို အပြစ်ပေး အရေးယူ၍ မရနိုင်ပါ။ စစ်ဆေးကြည့်ရန် အချက်များ ၆-ချက် လုံးသည် နည်းပညာအသစ်အဆန်း တီထွင်ဖန်တီးမှုများအတွက် တွေးခေါ်ကြည့် ရန် ဖြစ်စေနိုင်ပါသည်။ ဤသို့ဖြင့် စွမ်းဆောင်ရည် သုံးရပ်နှင့် လားရာ သုံးခုအတွက် ပျိုးထောင်အား ပေးနိုင်ပါသည်။

## မိမိတို့ အနာဂတ်ကို ပုံသွင်းနိုင်ရန် စစ်ဆေးရမည့်အချက်များ (Checklist) နှင့် ပဋိပက္ခများ

အကြမ်းမဖက် လှုပ်ရှားမှုများဆင်နွှဲရသော ဝန်းကျင်အခြေအနေများသည် ရှုပ်ထွေးခက်ခဲ၍ အရပ် သား ခုခံလှုပ်ရှားကြသူများသည်လည်း အထွေထွေသော နည်းပရိယာယ်များကို အောက်ခြေထု အတွင်း အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်သည့် မဟာဗျူဟာအဖြစ် ပြောင်းလဲနိုင်ရေး လိုအပ်ပါသည်။ များသောအားဖြင့် ဝေဝါး စိတ်ဓာတ်ကျစရာ အခြေအနေများလည်း ရှိတတ်ပါသည်။ ပြည်သူများ၏ ဘဝနှင့် လွတ်လပ်ခွင့်များအတွက် စွန့်စားရမည်ဖြစ်သောကြောင့်၊ မှားယွင်းသည့် ဆုံးဖြတ်ချက်များ ပြုမိမည်ကို ကြောက်ရွံ့နေတတ်သည့် သူတို့၏ သဘာဝကြောင့် အာဏာရှင်များက လိုလားသည့်အတိုင်း အပြုခံသဘော တိုက်တွန်းပြောဆိုနေမိသည်လည်း ရှိနိုင်သည်။ အာဏာရှင် မင်းဆိုးမင်းညစ်တို့ကို ထိခိုက်၍ မရနိုင်ဟူသော ထင်မှတ်မှားချက်ကို အားပေး ထောက်ပံ့ပြုမိနေ သည်လည်း ဖြစ်နိုင်ပါသည်။

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

ဤသို့ စစ်ဆေးကြည့်ရန် အချက်များက အတိုက်အခံများအတွက် ဤသို့ ဝေဝါး စိတ်ခတ်ကျမှုတို့ကို ဖြတ်ကျော်ရန် နှင့် ရှေ့ဆက်ရာလမ်းကို ပြသရန် ကူညီပေးနိုင်ပါသည်။ အချို့သော သူများက ဤကိစ္စတွင် ကိန်းရှင်များစွာ ပါဝင်ဩဇာ သက်ရောက်နေကြောင်း ငြင်းချက်ပြုနိုင်ပါသည်။ အာဏာရှင် မင်းဆိုးမင်းညစ်တဦး အဆုံးသတ်စေရန် စစ်ဆေးကြည့်ရမည့် အချက်များသည် သိပ်ပြီး ရိုးရှင်းလွယ်ကူနေသည်ဟု ဆိုနိုင်ကြပါသည်။ သို့ဖြစ်ရာ အနာဂတ်ကာလ ပဋိပက္ခများ အတွင်း အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သုံးသပ်အကဲဖြတ်မှုများအတွက် အချိန်၊ နေရာ စသည်တို့နှင့် ပတ်သက်၍ ထူးခြားသည့် အကြောင်းအချက်များကို အထူးကရုစိုက်ရန် လိုအပ်ပါလိမ့်မည်။

သို့သော်လည်း၊ စစ်ဆေးကြည့်ရမည့် အချက်များသည် အခြေအနေတခုအတွက် တိကျသည့် အကြောင်းအချက်များကို လျစ်လျူရှုလိုက်ရန် တောင်းဆိုနေခြင်း မဟုတ်ပေ။ ယင်းအစား အကျယ်အပြန့် မဟာဗျူဟာ မူဘောင်တခုအောက်ရှိ နောက်ခံ အခြေအနေတခုတွင် ဤအကြောင်းအချက်များကို သိရှိနားလည်ခြင်းအားဖြင့် လူထုခုခံရေးလှုပ်ရှားမှုတခု မည်သည့်အတွက်ကြောင့်နှင့် မည်သို့မည်ပုံ အနိုင်ရရှိနိုင်ကြောင်း ပြသပေးပါလိမ့်မည်။ ဤသို့ စစ်ဆေးကြည့်ရမည့် အချက်များ၏ အရေးပါပုံကို အခြားမတူခြားနားသော နောက်ခံများတွင် သုတေသနပြုခဲ့သူ အာတူးလ် ဂါဝန်ဒီ (Atul Gawande) က အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

> စစ်ဆေးကြည့်ရမည့်အချက်များသည် မိမိတို့သဘောပေါက်ထားသည်ထက် များမြောင်လှသော လုပ်ငန်းဆောင်တာများ ကျရှုံးရခြင်းမှ ကာကွယ်မှုပေးနိုင်ပါလိမ့်မည်။ အတွေ့အကြုံရှိသူများ အတွက်ပင်လျှင် ခုခံကာကွယ်မှု ပေးနိုင်ပါလိမ့်မည်။ ယင်းအချက်များက တစုံတရာသော သိမြင်မှုပိုက်ကွန် (cognitive net) ကိုပေးပါသည်။ မိမိတို့ လူများအားလုံးတွင် ပင်ကိုယ်ရှိရင်းစွဲ ဖြစ်လာသည့် စိတ်ပိုင်းဆိုင်ရာအပြစ် အနာအဆာများကို ဖမ်းယူမိစေနိုင်ပါသည်။ ဆိုလိုသည်မှာ မှတ်ဉာဏ်များနှင့် အာရုံထားမှုများ၊ စေ့စပ်သေချာလွန်းမှုများ... စသည့် အပြစ်အနာဆာများ ဖြစ်ပါသည်။ ...[19]
>
> အမှန်တကယ် ရှုပ်ထွေးပွေလီသော အခြေအနေများအောက်တွင်၊ ဆိုလိုသည်မှာ လူတဦးချင်း၏ ဗဟုသုတ ထက် ပို၍လိုအပ်သည့် အခြေအနေ နှင့် မသေချာ မရေရာမှုများ ကြီးစိုးနေသည့် အခြေအနေတွင်၊ ... [ထိရောက်သည့် စစ်ဆေးကြည့်ရန် အချက်များ] က အသုံးမကျသည့် နှယ် ရှိသော်လည်း၊ အရေးကြီးသည့် အချက်များ မျက်စေ့မလျှမ်းစေရန်အတွက် သေချာဆောင်ရွက်ပေးနိုင်ပါသည်။ ... လူများကို ပြောဆို၊ ပူးပေါင်းဆောင်ရွက်မှု ဖြစ်စေနိုင်ပါသည် ... သိမ်မွေ့ကွဲပြားသော ကိစ္စများနှင့် ကြိုတင်မခန့်မှန်းထားနိုင်သည့် ကိစ္စများကို မိမိတို့ သိရှိသမျှ အကောင်းဆုံးနည်းဖြင့် စီမံနိုင်စေမည် ဖြစ်ပါသည်။ [20]

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

© 2014 Peter Ackerman and Hardy Merriman

စစ်ဆေးကြည့်ရမည့် အချက်များသည် မင်းဆိုးမင်းညစ် သို့မဟုတ် လူထုခုခံသူများ၊ မည်သူက အနိုင်ရရှိမည်ဟူ၍ နောက်ဆုံးဖော်ပြသော ညွှန်းကိန်းများ ဖြစ်ချင်မှ ဖြစ်ပါမည်။ သို့သော်လည်း စစ်ဆေးကြည့်ရမည့် အချက်များသည် လွတ်လပ်ခွင့်အတွက် တောင်းဆိုကြသည့် နိုင်ငံသားများက၊ အခိုင်အမာ ခုခံနေသော အာဏာရှင်စနစ်များကို မည်သို့မည်ပုံ ကျော်လွှား အနိုင်ရရှိမည်ကို သိရှိနားလည်ရန် အရေးကြီးသည့်၊ ဆက်လက်ဆောင်ရွက်နေရမည့် ညွှန်းကိန်းများအစု ဖြစ်ပါတော့သည်။

---

[1] Erica Chenoweth နှင့် Maria Stephan တို့၏ သုတေသနကို အခြေပြုပါသည်။ သူတို့က ၁၉၀၀ ခုနှစ်မှ ၂၀၀၆ ခုနှစ်များအတွင်း ကမ္ဘာတလွှား နိုင်ငံများနှင့် နယ်မြေဒေသများတွင် အစိုးရအပြောင်း အလဲကို ဦးတည်သည့် လူထုခုခံရေး လှုပ်ရှားမှု ၁၀၅ ခုကို ဖော်ထုတ်ခဲ့ကြပါသည်။

Chenoweth, Erica, and Maria Stephan. 2011. *Why Civil Resistance Works: The Strategic Logic of Nonviolent Conflict*. New York: Columbia University Press. p. 6 NAVCO 1.1 data available at: http://www.du.edu/korbel/sie/research/chenow_navco_data.html

[2] ယခုလေ့လာမှု *How Freedom is Won: From Civic Resistance to Durable Democracy* (လွတ်လပ်မှုကို မည်သို့အောင်မြင်ခဲ့ကြပါသနည်း- ပြည်သူ့ခုခံရေး လှုပ်ရှားမှုများမှ ရေရှည်တည်တံ့သည့် ဒီမိုကရေစီစနစ်သို့) တွင် ၁၉၇၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ၆၇ ခု ကို သုံးသပ်ထားပါသည်။ စာရေးသူများက လေ့လာတွေ့ရှိရာတွင်-

"အသွင်ကူးပြောင်းမှု ၆၇ ခုအနက်မှ ၅၀ တို့တွင် ပြည်သူ့ခုခံရေး လှုပ်ရှားမှုသည် အဓိကကျသည့် အကြောင်းအချက်အဖြစ် တွန်းဆော်အားပေးခဲ့ သည်။ သို့မဟုတ် ၇၀ ရာခိုင်နှုန်းကျော် နိုင်ငံများသည် သူတို့၏ အာဏာရှင်စနစ်များ ကျဆုံးပြီးနောက် နှင့်/သို့မဟုတ် နိုင်ငံစုံပူးပေါင်းထားသော နိုင်ငံတော်များ ပြိုကွဲ၍ အသစ်သောနိုင်ငံများ ပေါ်ထွန်းလာပြီးနောက် အသွင်ကူးပြောင်းမှု စတင်ခဲ့ကြသည်။ ပြည်သူ့ခုခံရေး လှုပ်ရှားမှုကို အဓိကမဟာဗျူဟာအဖြစ် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ ၅၀ အနက်၊ (ဥပမာ- အရပ်ဘက် အင်အားစုများက အသွင်ကူးပြောင်းမှုအတွက် တွန်းဆော် လှုပ်ရှားခဲ့ကြသည့်နိုင်ငံများတွင်ဖြစ်စေ၊ သို့မဟုတ် အရပ်ဘက် အင်အားစုများကရော၊ အာဏာချုပ်ကိုင်ထားသူများကပါ သိသာထင်ရှားသည့် ဖြည့်ဆည်းမှုများ ပါဝင်ပတ်သက်ခဲ့ကြသည့် ရောထွေးအသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်ခဲ့ကြသည့် နိုင်ငံများတွင်ဖြစ်စေ)၊ မည်သည့် နိုင်ငံကမျှ လုံးဝလွတ်လပ်သော နိုင်ငံများ မဖြစ်ခဲ့ကြပါ။ နိုင်ငံ ၂၅ ခုသည် တစုံတရာလွတ်လပ်သော နိုင်ငံများဖြစ်ကြပြီး၊ နိုင်ငံ ၂၅ ခုမှာ လွတ်လပ်မှု မရှိသော နိုင်ငံများ ဖြစ်ကြပါသည်။ ယနေ့တွင် [၂၀၀၅ ခုနှစ်] အသွင်ကူးပြောင်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက် နိုင်ငံ ၃၂ နိုင်ငံမှာ လွတ်လပ်သော နိုင်ငံများ ဖြစ်နေကြသည်။ နိုင်ငံ ၁၄ ခုမှာ တစုံတရာ လွတ်လပ်မှုရှိပြီး၊ ၄ နိုင်ငံမှာ မလွတ်လပ်သော နိုင်ငံများ ဖြစ်နေကြသည်။"

Ackerman, Peter, and Adrian Karatnycky. 2005. *How Freedom is Won: From Civic Resistance to Durable*

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။

*Democracy*. Washington,
DC: Freedom House. Pp. 6... 7.

[3] Marchant, Eleanor, Adrian Karatnycky, Arch Puddington, and Christopher Walter. 2008. Enabling Environments for Civic Movements and the Dynamics of Democratic Transition. Freedom House special report. July 18. p. 1.

[4] *Ibid*. p. 1.

[5] Chenoweth, Erica, and Maria Stephan. 2011. *Why Civil Resistance Works: The Strategic Logic of Nonviolent Conflict*. New York: Columbia University Press. p. 6.

[6] *Ibid.* p. 9.

[7] *Ibid.* p. 68.

[8] *Ibid.* p. 62.

[9] Chenoweth, Erica. 2014 Trends in Civil Resistance and Authoritarian Responses. The Atlantic Council Future of Authoritarianism Project. April 15.

[10] Chenoweth, Erica, and Maria Stephan. 2011. *Why Civil Resistance Works: The Strategic Logic of Nonviolent Conflict*. New York: Columbia University Press. p. 66.

[11] Thomas C. Schelling. 1968. “Some Questions on Civilian Defence,” in Adam Roberts, ed., *Civilian Resistance as a National Defence: Non-violent Action Against Aggression*. Harrisburg, PA: Stackpole Books. p. 304.

[12] Ackerman, Peter and Jack DuVall. 2000. *A Force More Powerful: A Century of Nonviolent Conflict*. London: St. Martin’s Press/Palgrave Macmillan. pp. 113... 174.

[13] Chenoweth, Erica, and Maria Stephan. 2011. *Why Civil Resistance Works: The Strategic Logic of Nonviolent Conflict*. New York: Columbia University Press. Pp. 30... 61.

[14] *Ibid. pp. 30... 61.*

[15] *Ibid. pp. 46... 49.*

[16] ပို၍ကြီးသာ အင်အားတခု (ရုပ်ရှင်) A Force More Powerful. Dir. Steve York. York Zimmerman. 2000. Film.

[17] Binnendijk, Anika Locke, and Ivan Marovic. 2006. Power and Persuasion: Nonviolent Strategies to Influence State Security Forces in Serbia (2000) and Ukraine (2004). Communist and Post-Communist Studies 39, no. 3 (September). pp. 411... 429.

[18] Nebojsa Covic, Vecernje Novosti, နှင့် တွေ့ဆုံမေးမြန်းမှု။ အောက်တိုဘာလ ၂ ရက်၊ ၂၀၁၀ ခုနှစ်။

[19] Gawande, Atul. 2009. The Checklist Manifesto: How to Get Things Right. New York: Picador. p. 47.

[20] Erica Chenoweth နှင့် Maria Stephan တို့၏ သုတေသနကို အခြေပြုပါသည်။ သူတို့က ၁၉၀၀ ခုနှစ်မှ ၂၀၀၆ ခုနှစ်များအတွင်း ကမ္ဘာတလွှား နိုင်ငံများနှင့် နယ်မြေဒေသများတွင် အစိုးရအပြောင်း အလဲကို ဦးတည်သည့် လူထုခုခံရေးလှုပ်ရှားမှု ၁၀၅ ခုကို ဖော်ထုတ်ခဲ့ကြပါသည်။
Chenoweth, Erica, and Maria Stephan. 2011. *Why Civil Resistance Works: The Strategic Logic of Nonviolent Conflict*. New York: Columbia University Press. p. 6 NAVCO 1.1 data available at:
http://www.du.edu/korbel/sie/research/chenow_navco_data.html

ယခု စာတမ်းကို Mathew Burrows and Maria J. Stephan (eds.), Is Authoritarianism Staging a Comeback?, Washington, DC: The Atlantic Council, 2015. တွင်ဖော်ပြခဲ့သည်။